မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုရှိမှသာ ဖော်ဆောင်အောင်မြင်နိုင်မှာဖြစ်

လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများ တည်ငြိမ်အေးချမ်းသွားအောင်၊ ပိုမိုကျယ်ပြန့်ဖြစ်ပွားလာခြင်းမရှိအောင် မိဘပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်းအားလုံး

သတိတရားကို အခြေခံ၊ အသိတရားနဲ့မေတ္တာတရားကို ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနဲ့အတူ ထိန်းသိမ်းဖော်ဆောင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ်အတွင်းရှိ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်ကို ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်အတွင်းရှိ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်ကို ယနေ့ည ၈ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အသံလွှင့်ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတဦးသိန်းစိန်၏

ရခိုင်ပြည်နယ်အတွင်းရှိ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍
မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား

မိဘပြည်သူများနဲ့ ညီအစ်ကိုမောင်နှမအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မိဘပြည်သူများသိရှိပြီးဖြစ်တဲ့အတိုင်း ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်က ဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ်၊ ကျောက်နီမော်ဖြစ်စဉ်ကို အခြေခံပြီး ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွားလာပါတယ်။ ဒါ့ကြောင့် ဒီအခြေအနေဟာ ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအပါအဝင် ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံးနဲ့ သတိပြုပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမယ့် အနေအထားရောက်ရှိလာတာကို တွေ့ရပါတယ်။

မိဘပြည်သူများခင်ဗျား

ကျွန်တော်ဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးတာဝန်များကို တာဝန်ယူခဲ့ချိန်မှစတင်ပြီး မိဘပြည်သူများရဲ့ အဓိကလိုအင်ဆန္ဒ (၂)ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းအားဖြင့် ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကထားပြီး နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ပြည်သူလူထုကိုအခြေပြုတဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို ဒုတိယအဆင့် တက်လှမ်းပြီးတော့ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရှေးအစဉ်အဆက်ကပင် ကွဲပြားတဲ့ ဘာသာရေးကိုးကွယ်ယုံကြည်မှုတွေ ရှိခဲ့ပေမယ့်လည်း မြန်မာနိုင်ငံအတွင်း အချင်းချင်း အပြန်အလှန်လေးစားမှု ချစ်ကြည်ရင်းနှီးမှုများနဲ့ အတူတကွ ယှဉ်တွဲနေထိုင်လာခဲ့ကြတဲ့ အစဉ်အလာကောင်းတဲ့ သမိုင်းကြောင်းရှိခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရလက်ထက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် အစရှိတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခံစားရရှိနိုင်ကြစေရန်အတွက် ဥပဒေ၊ နည်းဥပဒေတွေကို ပြင်ဆင်ဖြည့်စွက်အသစ်ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိဘပြည်သူများရဲ့ အခက်အခဲများ၊ ပြဿနာများ၊ လိုလားချက်များကို အသင့်မြတ်ဆုံးနဲ့ အတတ်နိုင်ဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးဖို့ ကျွန်တော်တို့အစိုးရမှာ အပြည့်အဝတာဝန်ရှိတယ်လို့ ကျွန်တော်တို့ ခံယူထားပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့လည်း ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှု အကြမ်းဖက်မှုများ ဖြစ်ပွားလာတဲ့အချိန်ကစပြီး ဖြစ်ပွားရာနေရာများမှာ ချက်ချင်းတည်ငြိမ်အေးချမ်းသွားအောင် *စာမျက်နှာ ၂ ကော်လံ ၁* ●

ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေကြေညာခြင်း

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၂) ကို ၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်(ယနေ့)ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၂)အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၂)
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်)
အရေးပေါ်အခြေအနေကြေညာခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့်အခြေအနေများ ဖြစ်ပေါ်မှုကြောင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်မှစ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ သို့သော်လည်း ဆူပူအကြမ်းဖက်မှုများမှာ ပိုမိုများပြားကျယ်ပြန့်လာပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ရုံဖြင့် ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးကို အမြန်ဆုံး ပြန်လည်ဖော်ဆောင်ပေးနိုင်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ (က)အရ ရခိုင်ပြည်နယ်အတွင်း ယနေ့မှစ၍ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (က)အရ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်ရမည်။

၄။ ဤအမိန့်သည် ယနေ့မှစ၍ နောက်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်မှုမရှိမချင်း အတည်ဖြစ်သည်။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်ရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် ပြင်းပြင်းထန်ထန်ဆုံးရှုံးမှုဖြစ်ပေါ်လာစေနိုင်တာကို အထူးသတိထားကြစေချင်

● ရှေ့ဖုံးမှ

ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အလားတူ အခြားဆက်စပ်ဖြစ်ပွားနိုင်ဖွယ်ရှိသော နေရာများတွင်လည်း ဆက်စပ်ဖြစ်ပွားလာခြင်းမရှိအောင်၊ ဖြစ်ခဲ့ပါကလည်း ဖြစ်စတွင်ပင် ပြီးပြေအေးငြိမ်းသွားအောင် ကြိုတင်ပြင်ဆင်စီမံမှုအတိုင်း လက်တွေ့ဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်စဉ်များနဲ့ ဆောင်ရွက်မှုအခြေအနေများ၊ ထိခိုက်ဆုံးရှုံးမှုအခြေအနေများကိုလည်း မိဘပြည်သူများအား အချိန်နဲ့တစ်ပြေးညီ ချပြအသိပေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီဖြစ်စဉ်များဖြစ်ပွားစကပင် မိဘပြည်သူများထံအခြေအနေ အရပ်ရပ်ကို ရှင်းလင်းပြောကြားဖို့ စီစဉ်ခဲ့သော်လည်း အခြေအနေအရပ်ရပ် ကျယ်ပြန့်လာခြင်းမရှိနိုင်ဘူးလို့ ယူဆတဲ့အတွက်လည်းကောင်း၊ မိဘပြည်သူများ စိတ်သောက မဖြစ်စေလိုတဲ့အတွက်လည်းကောင်း ယခင်က ရှင်းလင်းပြောကြားမှု မပြုခဲ့ခြင်းဖြစ်ပါတယ်။

ပူးပေါင်းဆောင်ရွက်

သို့သော်လည်း ဇွန်လ ၈ ရက်နေ့ညက စစ်တွေမြို့မှာ အကြမ်းဖက်ဆောင်ရွက်မှုများ၊ အကြမ်းဖက်ရန် ပြင်ဆင်ကြိုးပမ်းမှုများ ထပ်မံဖြစ်ပေါ်ခဲ့တဲ့အတွက် ဥပဒေနဲ့အညီ ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်ခဲ့ရပြန်ပါတယ်။ ဒီအခြေအနေများအရ မိဘပြည်သူများကပါ သိရှိပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်လာပြီလို့ ယူဆတဲ့အတွက် ယနေ့ မိဘပြည်သူများကို ယခုလိုရှင်းလင်းပြောကြားခြင်းဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား

လက်ရှိ ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ဖြစ်စဉ်များဟာ ဘာသာရေးနဲ့လူမျိုးရေးကို အခြေခံပြီး မကျေနပ်မှု၊ မုန်းတီးမှု၊ လက်စားချေလိုမှုတွေကို ရှေ့တန်းတင် လှုံ့ဆော်ဆောင်ရွက်မှုများကြောင့် မင်းမဲ့စရိုက်လုပ်ရပ်များ ကျယ်ပြန့်ကြီးမားလာတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီလို လူမျိုးစွဲ ဘာသာစွဲတွေကို ရှေ့တန်းတင်ပြီး မဆုံးနိုင်တဲ့မုန်းတီးမှုတွေ၊ လက်စားချေလိုမှုတွေနဲ့ မင်းမဲ့စရိုက်တွေကို ရှေ့တန်းတင်လျက်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်အကြမ်းဖက် သတ်ဖြတ်နေကြမယ်ဆိုရင် ရခိုင်ပြည်နယ်တွင်သာမက ပိုမိုကျယ်ပြန့်ဖြစ်ပွားလာစေနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ အခြားသော အမှောင့်ပယောဂများလည်း ပါဝင်ပူးကပ်လာနိုင်ပါတယ်။ ဒီလိုသာဖြစ်လာခဲ့ရင် အသွင်ကူးပြောင်းစသာရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် ပြင်းပြင်းထန်ထန် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်လာစေနိုင်တာကို မိဘပြည်သူများအားလုံး အထူးသတိထားကြစေချင်ပါတယ်။

အလေးထားဆောင်ရွက်

ကျွန်တော်တို့အစိုးရအနေဖြင့် ဖြစ်ခဲ့ပြီးတဲ့ ကိစ္စရပ်တွေအပေါ်မှာ ဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်သလို ဒီလိုဖြစ်စဉ် ဖြစ်ရပ်မျိုးတွေ နောက်ထပ် မဖြစ်ပွားရအောင်လည်း တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနဲ့အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားပါမယ်။ ဒီဖြစ်စဉ်များမှာ နစ်နာဆုံးရှုံးခဲ့ကြရတဲ့သူများအတွက်လည်း တရားမျှတမှုရှိအောင် အလေးထားဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အတွက် အားလုံးက သဘောထားကြီးကြီးထားပြီး အစစအရာရာ နားလည်ပေးကြဖို့ ပြောကြားလိုပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးမှုရရှိအောင်လည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ထို့အတူ ဘာသာရေးအဖွဲ့အစည်းများနဲ့ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖ ပြည်သူများနဲ့လည်း ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့အားလုံး မျှော်မှန်းတည်ဆောက်နေကြတဲ့ ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဟာ တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု ပတ်ဝန်းကျင်ကောင်းရှိမှသာ ဖော်ဆောင်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးရှိဖို့ဆိုတာဟာလည်း နိုင်ငံတော်အစိုးရအပေါ်မှာသာ တာဝန်ရှိတာမဟုတ်ပါဘူး၊ ပြည်သူများအပိုင်းကလည်း အသိတရားနဲ့ယှဉ်ပြီး ဥပဒေများကို လေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။ ထို့အတူ ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေးသမားများ၊ လူထုလူတန်းစားအဖွဲ့အစည်းများနဲ့ မီဒီယာများအားလုံးရဲ့ အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ပူးပေါင်းဆောင်ရွက်ကြဖို့လည်း အထူးလိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ဝိုင်းဝန်းပူးပေါင်း

ဒါ့ကြောင့် မိဘပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်းအားလုံးတို့က လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများ တည်ငြိမ်အေးချမ်းသွားအောင်၊ ပိုမိုကျယ်ပြန့်ဖြစ်ပွားလာခြင်းမရှိအောင် သတိတရားကို အခြေခံ၊ အသိတရားနဲ့ မေတ္တာတရားကို ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနဲ့အတူ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းဖော်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများအားလုံး ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

အိန္ဒိယစပ်မျိုးနေကြာ စမ်းသပ်စိုက်ပျိုးမှု ရမည်းသင်းမြို့နယ်၌ အောင်မြင်ဖြစ်ထွန်း

ရမည်းသင်း ဇွန် ၁၀

၂၀၁၂-၂၀၁၃ မိုးရာသီနှစ်တွင် အိန္ဒိယစပ်မျိုးနေကြာကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာတွင် အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ယင်းစပ်မျိုးနေကြာသည် တစ်ဧကလျှင် နေကြာတင်း ၅၀ မှ ၆၀ ဝန်းကျင်အထိ ထွက်ရှိပြီး ဆီထွက်နှုန်းမှာလည်း တစ်တင်းလျှင် ငါးပိဿာခန့် ထွက်ရှိ၍ တောင်သူများအတွက် သင့်လျော်သော စပ်မျိုးစပါးဖြစ်ကာ တောင်သူများ စိုက်ပျိုးရန် စိတ်အားထက်သန်လျက်ရှိသည်။ ၎င်းစပ်မျိုးနေကြာကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်း၌ စမ်းသပ်စိုက်ပျိုးခဲ့ရာ တောင်သူများ အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။

အထောက်အကူဖြစ်

အဆိုပါ နေကြာကို စိုက်ပျိုးခြင်းအားဖြင့် နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် နိုင်ငံတစ်ဝန်းဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာအလယ်လမ်း အမှတ် (၂၁၁) မြန်မာ့နဝရတ်မျက်မှန်နှင့် မျက်စိစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်၌ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ရီရီခင်နှင့် အသင်းအမှုဆောင် ဒါရိုက်တာများက အသင်းသားများအား မျက်စိစမ်းသပ်မှု အခမဲ့ဝန်ဆောင်မှုပေးကြစဉ်။
(မြို့နယ်သမဝါယမ)

အခွန်ဥပဒေပြဋ္ဌာန်းချက်များကို ပြုပြင်ပြဋ္ဌာန်းပေးပြီးဖြစ် အခွန်ထမ်းဆောင်သူနှင့် စည်းကြပ်သူများ မှန်ကန်စွာဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းလုပ်ငန်းရှင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ (Tax Reforms) ကို နိုင်ငံတော်၌ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် အခွန်ပေးဆောင်သူအခွန်ထမ်းများနှင့်လစာဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်နေသူ ဌာနဆိုင်ရာအရာရှိ ဝန်ထမ်းများအားလုံး အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို သိရှိရန်လိုအပ်ကြောင်း၊ အခွန်ကောက်ခံရရှိမှုကို လျော့နည်းသွားစေမည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာ အမိန့်အများအပြားကို ပြန်လည်ရုပ်သိမ်းလိုက်သဖြင့် အခွန်ပေးဆောင်မှုနယ်ပယ်ကို သာတူညီမျှဖြစ်စေသည့်အပြင် အခွန်ကောက်ခံရရှိမှုကိုလည်း တိုးတက်မြင့်မားလာစေကြောင်း၊ အခွန်ဥပဒေပြဋ္ဌာန်းချက်များကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြဋ္ဌာန်းပေးလိုက်ပြီဖြစ်သောကြောင့် အခွန်ထမ်းဆောင်သူနှင့် အခွန်စည်းကြပ်သူများ အပိုင်းကလည်း ပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြခြင်းဖြင့် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိလာပြီး နိုင်ငံတော်တည်ဆောက်ရေးကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။ ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်ထွန်းနိုင်က အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ် ၊နယုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၁၁-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ နံနက်ခင်းသတင်း

ညပိုင်း

- ၄:၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၃၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၆:၀၀ ညနေခင်းသတင်း
- ၈:၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - ကမ္ဘာကျော်သရုပ်ဆောင်များ

မြန်မာ့အလင်း

(၂၀၁၂ ခုနှစ် ဇွန် ၁၁ ရက်)

အောင်မြင်မှုကို ရှာဖွေခြင်း

စီးပွားရေးလုပ်သူတိုင်းသည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် ဖြစ်လိုကြ၏။ သို့သော် အောင်မြင်သူများရှိသလို မအောင်မြင်သူများလည်း ရှိ၏။ မအောင်မြင်ခြင်းအကြောင်းကားရှိ၏။ စီးပွားရေးသမားချင်းတူသော်လည်း အယူအဆသဘောတရားများကား ကွာခြား၏။ မှန်ကန်သောအယူအဆ သဘောတရားများကို စွဲမြဲစွာဆုပ်ကိုင်ပြီး လုပ်ကိုင်ကြသူများ အောင်မြင်ကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။

ယနေ့ကမ္ဘာတွင် အောင်မြင်နေကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းတို့သည် မှန်ကန်သောအယူအဆ သဘောတရားများကို မြဲမြံစွာဆုပ်ကိုင်ပြီး ချီတက်နေသည်မှာ ထင်ရှား၏။ စီးပွားရေးလုပ်ငန်းတိုင်းသည် ကိုယ်ပိုင်အယူအဆ သဘောတရားများ ရှိကြ၏။ ထိုမှန်ကန်သော ကိုယ်ပိုင်အယူအဆ သဘောတရားများသည် အောင်မြင်မှု၏သော့ချက်ဟု ဆိုနိုင်၏။

အောင်မြင်သော စီးပွားရေးဖြစ်ရန်အတွက် ကမ္ဘာ့ထိပ်တန်း မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေးကော်ပိုရေးရှင်းတစ်ခုဖြစ်သည့် အိတ်ချ်တီစီ၏ အမှုဆောင်အရာရှိချုပ် မစ္စတာပီတာချူးဆိုသူက ဤသို့ဆို၏“ဘဝမှာ ရှုံးနိမ့်ခဲ့ရတဲ့ အကြိမ်ရေပေါင်းက မရေမတွက်နိုင်အောင်ပါပဲ။ အောင်မြင်ဖို့အတွက် အချက်သုံးချက်ကိုင်စွဲထားတယ်။ အဲဒါကတော့ Passion, Fearless နဲ့ Vision တို့ပဲ ဖြစ်ပါတယ်” **ဟု ပြော၏။**

မှန်ပေ၏။ လုပ်ငန်းတစ်ခုခုလုပ်တော့မည်ဆိုလျှင် Passion ဟုခေါ်သည့် စိတ်ဓာတ်ပြင်းပြမှု၊ ဝါသနာကြီးမှုတို့သည် လွန်စွာအရေးကြီးလှပေသည်။ မိမိဝါသနာပါသောအလုပ်တစ်ခုကို တီထွင်ဆန်းသစ်တတ်သောစိတ်ဓာတ်ဖြင့် လုပ်ဆောင်သင့်၏။ ဝါသနာပါသောအလုပ်သည်သာ အောင်မြင်မှုကို ဖြစ်စေနိုင်၏။

တစ်ဖန် လုပ်ငန်းတစ်ခုလုပ်ကိုင်ရာ၌ Fearless ဟုခေါ်သော မကြောက်မရွံ့၊ ရဲရဲဝံ့ဝံ့လုပ်ကိုင်ရန်လည်း လိုအပ်ပေသည်။ အခက်အခဲများ မည်မျှပင်ရှိစေကာမူ ဖြစ်ချင်သောအလုပ်ကို အောင်မြင်အောင်လုပ်ကိုင်သင့်၏။ ပတ်ဝန်းကျင်အခြေအနေကြောင့် ရည်မှန်းချက်ပျောက်ကုန်သည်ဆိုလျှင် ပျော့ညံ့မှုပင်ဖြစ်၏။ အမှားဆိုသည်မှာ လူတိုင်းကြုံရတတ်၏။ အမှားမှတစ်ဆင့် အတွေ့အကြုံများယူသင့်၏။

အလားတူ Vision ဟုခေါ်သည့် အမြင်၊ အမြော်အမြင်၊ ရည်မှန်းချက်စသည်တို့သည်လည်း အရေးကြီး၏။ အမြော်အမြင်မရှိသောလုပ်ငန်းတစ်ခုသည် အောင်မြင်မှုရရန် ခဲယဉ်း၏။ စီးပွားရေးလုပ်သူတိုင်းသည် စီးပွားရေးအမြင်ရှိမှ တိုးတက်အောင်မြင်နိုင်မည်သာဖြစ်၏။

သို့ပါသောကြောင့် မည်သည့်အလုပ်ကို လုပ်ကိုင်ကြသည်ဖြစ်စေ မိမိတို့လုပ်ကိုင်သော အလုပ်ပေါ်၌ ဝါသနာအရင်းခံပြီး စိတ်အားထက်သန်စွာ လုပ်ကိုင်သင့်၏။ မိမိတို့လုပ်ကိုင်သောအလုပ်အကိုင်ကို ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့၊ ဖွဲ့မလျှော့ဘဲလုပ်ကိုင်ခြင်း၊ အမြော်အမြင်ရှိစွာလုပ်ကိုင်ခြင်းတို့ဖြင့် အောင်မြင်မှုများရရှိစေနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။ ။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့၏ တည်ငြိမ်အေးချမ်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာရာ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာသို့ ရောက်ရှိကြပြီး တိုက်နယ်ဆေးရုံနှင့် ဗန္ဓုလခန်းမတို့၌ ခေတ္တနေရာချထားပေးထားသည့် နေအိမ်မီးလောင်ဆုံးရှုံးသူများအား တွေ့ဆုံအားပေးကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့သည့်ပစ္စည်းများကို ပေးအပ်ကြပြီး ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ဇင်းနောက် ခရေမြိုင်ကျေးရွာ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပတ်ဝန်းကျင် ကင်းချောင်းကျေးရွာမှ ဒေသခံများအား နှုတ်ဆက်အားပေး၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မောင်တောမြို့သို့ ရောက်ရှိကြပြီး မောင်တောမြို့ တည်ငြိမ်အေးချမ်းနေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မောင်တောမြို့နယ် ဝေသာလီကျေးရွာ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံရဲတပ်ရင်း၌ နေရာချထားပေးထားသည့် ဒေသခံကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ခေတ္တရွှေ့ပြောင်းနေထိုင်ရသူများ၏ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများအား အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ဆူပူအကြမ်းဖက်သူများကြောင့် အိုးအိမ်ဖျက်ဆီးခံရသည့် ကျေးရွာသူ ကျေးရွာသားများအား မောင်တောမြို့ ဒေသခံရဲတပ်ရင်း၊ အလိုတော်ပြည့်ကျောင်းတိုက်၊ ပရဟိတကျောင်းတိုက်နှင့် ဗဟိုကျောင်းတိုက်တို့၌ နေရာချထားပေးပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဆေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများက ဆေးဝါးကုသပေးလျက်ရှိပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ယာယီနေရာချထားပေးသည့် ဒေသခံရွာသူ ရွာသားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး အေးချမ်းမှုရရှိသည့် ဘူးသီးတောင်မြို့နယ်၏ အခြေအနေကို ဆက်လက်ထိန်းသိမ်းသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ်၏ တည်ငြိမ်အေးချမ်းနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ကူညီဆောင်ရွက်

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဒေသခံပြည်သူများအား ထောက်ပံ့ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ရေးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ပြီး စစ်တွေမြို့မှ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံးရောက်ရှိရေးအတွက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိရာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံအားပေး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ တိုက်နယ်ဆေးရုံ၌ ခေတ္တနေရာချထားပေးထားသည့် နေအိမ်မီးလောင်ဆုံးရှုံးသူများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်မျက်ရတနာဈေး တည်ဆောက်မှုလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇွန် ၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ရွှေကြာပင်ရပ်ကွက်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကျောက်မျက်ရတနာဈေး တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကျောက်မျက်ရတနာကုမ္ပဏီများမှ ဆောက်လုပ်ရေးတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ ကျောက်မျက်ရတနာများအား နောင်တွင် တန်ဖိုးမြှင့် အချောထည်များ၊ လက်ဝတ်ရတနာများ၊ ရုပ်တုများ၊ ပန်းပု၊ ပန်းချီများအဖြစ်သာပြုလုပ်၍ နိုင်ငံတကာသို့ တင်ပို့ရောင်းချရန်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြှင့် မြန်မာ့ကျောက်မျက်ရတနာ အချောထည်မျိုးစုံ ထုတ်လုပ်ရေးနှင့် ရောင်းချရေးဈေးကွက်မှာ ယခုထက်ပို၍လျင်မြန်စွာ အဆများစွာ တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း၊ ယခုတည်ဆောက်လျက်ရှိသော ကျောက်မျက်ရတနာဈေးကြီးမှ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်လုပ်ဆောင်ပေးရန် ဖြစ်ကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များသာမက ပြည်ပလုပ်ငန်းရှင်များပါ လာရောက်ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်သွယ်ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာအဆင့်ရှိ ကျောက်မျက်ရတနာ ဈေးကြီးဖြစ်အောင် တာဝန်ရှိသူများက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များကလည်း ကုမ္ပဏီအလိုက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အဆင့်မြင့်မွမ်းမံမှုများဖြင့် သပ်ရပ်ခံ့ညားသော ကျောက်မျက်ရတနာဆိုင်များ ဖြစ်ပေါ်လာရေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်လျက်ရှိသောလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နေပြည်တော် ရွှေကြာပင်ရပ်ကွက်၌ ကျောက်မျက်ရတနာဈေး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးဝါးကုသပေး

မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဆေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများက ဆေးဝါးကုသပေးစဉ်။ (သတင်းစဉ်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (**Friction**) မှ သဘာဝတည်ငြိမ်လျှပ်စစ် (**Static Electricity**) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ဝက်တိုင်ကုန်းရပ်ကွက် သပြေလှိုင်(၂)လမ်းနေ ဦးတင်စိန်၏ နေအိမ်အနောက်ဘက် ခြံဝင်းတွင် ဘူးစင်မှထူးခြားစွာ အညှာတစ်ခုတည်းမှ ဘူးသီးအလုံးရေ ၂၀ သီးနေသည်ကို တွေ့ရစဉ်။ (၁၁၁)



မြန်မာ့အလင်း ဘဝအမောပြေ

ပြေးခဲ့ပုံက — **အာကာဟိန်း-ရေးသားသည်**

ပီရူးနိုင်ငံ လီမာမြို့တွင်ကျင်းပသော မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ရှေ့ဆုံးမှ ပန်းဝင်လာသော လူသစ်အပြေးသမားတစ်ဦးအား သတင်းထောက်တစ်ဦးက တွေ့ဆုံမေးမြန်းလေသည်။

သတင်းထောက် ။ ။ **“နာမည်ဘယ်လိုခေါ်ပါသလဲ”**
အပြေးသမား ။ ။ “လူးဝစ်လို့ ခေါ်ပါတယ်”
သတင်းထောက် ။ ။ **“ဒီပြိုင်ပွဲမှာ ရှေ့ဆုံးက လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ပြီး ပန်းဝင်လာနိုင်တာ အရင်ကပြိုင်ပွဲ တွေ ယှဉ်ပြိုင်ခဲ့ဖူးလို့လား…”**
အပြေးသမား ။ ။ “တစ်ကြိမ်မျှ မပြိုင်ခဲ့ဖူးပါဘူး”
သတင်းထောက် ။ ။ **“ဟုတ်လား…။ဒါဆို ဒီပြိုင်ပွဲဝင်ဖို့ အချိန်အကြာကြီး လေ့ကျင့်ပြင်ဆင်ခဲ့တာလား…”**
အပြေးသမား ။ ။ “တစ်ခါမှ မလေ့ကျင့်ခဲ့ဖူးပါဘူး. . .”
သတင်းထောက် ။ ။ **“ဟုတ်လား … အပြေးသမားမျိုးရိုးများ ရှိခဲ့လား…”**
အပြေးသမား ။ ။ “မရှိပါဘူး. . .”
သတင်းထောက် ။ ။ **“ဒါဆိုရင်… ဒီအပြေးပြိုင်ပွဲမှာ ဘယ်လိုစိတ်ဓာတ်မျိုးနဲ့များ ယှဉ်ပြိုင်ခဲ့တာလဲ…”**
အပြေးသမား ။ ။ “တာထွက်ကတည်းက ကျွန်တော့်မိန်းမ နောက်က လိုက်လာပြီဆိုတဲ့စိတ်သွင်းပြီး တစ်ရှိန်ထိုး ပြေးခဲ့တာပါ. . .”
သတင်းထောက် ။ ။ **“ဗျာ”**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

တရုတ်နှင့်ဗီယက်နမ်ဆက်သွယ်ထားသည့် ပထမဆုံးအဝေးပြေးကားလမ်းဖွင့်လှစ်မည်

ကူမင်း ဇွန် ၁၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်နှင့် ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ထားသည့် ပထမဆုံးအဝေးပြေးကားလမ်းကို လာမည့်၂၀၁၃ခုနှစ်၌ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအဝေးပြေးကားလမ်းသည် အရှည်ကီလိုမီတာ ၆၀၀ခန့်ရှည်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းသို့ဆက်သွယ်ထားခြင်းဖြစ်သည်။ **(ဝဲပုံ)**၄င်းအဝေးပြေးကားလမ်းမှ မောင်းနှင်ပါက အချိန် ခြောက်နာရီခန့်သာ ကြာမြင့်မည်ဖြစ်သည်။ ယင်းအဝေးပြေးကားလမ်း၏ ဗီယက်နမ်ဘက် လမ်းအပိုင်း ကီလိုမီတာ ၂၅၀ အရှည်မှာ တည်ဆောက်မှုပြီးစီးခဲ့ပြီဖြစ်သည်။ အဆိုပါအဝေးပြေးကားလမ်းကြောင့် တရုတ်နှင့်ဗီယက်နမ်နှစ်နိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှုစရိတ်များကို လျှော့ချနိုင်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာမည်ဖြစ်သည်။ တရုတ်နှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်အဝေးပြေးကားလမ်းများ တိုးမြှင့်ဖောက်လုပ်ရေးအတွက် ပြီးခဲ့သည့်၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ်များကတည်းက ဆွေးနွေးကာ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ အဝေးပြေးကားလမ်းသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများသို့ ဆက်သွယ်မည့် စကြံ့လမ်း၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ **(အင်တာနက်)**

မျိုးဆက်သစ်မဟာဗျူဟာဗုံးကြဲလေယာဉ်များ ရုရှားထုတ်လုပ်မည်

မော်စကို ဇွန် ၁၀

ရုရှားနိုင်ငံက ငါးဆက်မြောက် မျိုးဆက်သစ်မဟာဗျူဟာ ဗုံးကြဲတိုက်လေယာဉ်သစ်များကို ထုတ်လုပ်မည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်က ဇွန် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ရုရှားနိုင်ငံအလယ်ပိုင်း ကာဇန်မြို့၌ ဇွန် ၁၀ ရက်ကပြုလုပ်သည့် မဟာဗျူဟာမြောက် လေကြောင်းဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲတွင် ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်က မျိုးဆက်သစ်တိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်သစ်များ ထုတ်လုပ်သွားမည်ဟု ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်ကို စွမ်းရည်မြှင့်တင်မှုများပြုလုပ်ရာတွင် နည်းပညာသစ်များဖြင့် ပြုလုပ်ထားသော ယာဉ်နှင့် လက်နက်များအဖြစ် အသွင်ပြောင်းလဲရန်အတွက် လာမည့် သုံးနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် နောက်ထပ်ငါးနှစ်တွင် ၇၀ ရာခိုင်နှုန်းအထိ အစားထိုး ပြောင်းလဲသွားမည် ဖြစ်သည်။

ရုရှားစစ်ဘက်အတွက် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က မျိုးဆက် လေးဆက်မြောက် ဂျက်တိုက်လေယာဉ်အသစ် ၁၅စင်း ထုတ်လုပ်ခဲ့သည်။**(အပေါ်ပုံ)** နောက်ထပ်ထုတ်လုပ်မည့် မျိုးဆက်ငါးဆက်မြောက် တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များကို ကာဇန်မြို့ ဒီဇိုင်းဗျူရိုက ထုတ်လုပ်ထားသည့် တူပိုလက်ဗ်တိုက်လေယာဉ်ဒီဇိုင်းကို အခြေခံကာ နည်းပညာသစ်များဖြင့် ထုတ်လုပ်မည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ ခရီးဝေးပျံသန်းနိုင်သည့် ဗုံးကြဲလေယာဉ်များ ထုတ်လုပ်မည်ဖြစ်ကြောင်း ရုရှားစစ်ဘက်က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားမှ စစ်သင်္ဘောရှစ်စင်း အိန္ဒိယဝယ်ယူမည်

နယူးဒေလီ ဇွန် ၁၀

အိန္ဒိယနိုင်ငံ၏ ရေပြင်ပိုင်နက်ကာကွယ်ရန်နှင့် ရေမြုပ်မိုင်း ရှင်းလင်းရေးတို့အတွက် တောင်ကိုရီးယားနိုင်ငံမှစစ်သင်္ဘောရှစ်စင်း ဝယ်ယူမည်ဖြစ်ကြောင်း၊ယင်းသို့ဝယ်ယူခြင်းမှာအိန္ဒိယနှင့်တောင်ကိုရီးယား နှစ်နိုင်ငံတို့ မကြာမီကချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရဖြစ်ကြောင်း အိန္ဒိယစစ်ဘက်က ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ စစ်သင်္ဘောများဝယ်ယူခြင်းသည် အိန္ဒိယနှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် တိုးမြှင့်လာမှု၏အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။ ယင်းစစ်သင်္ဘောများအနက် ပထမအသုတ်အနေဖြင့် စစ်သင်္ဘောနှစ်စင်း မကြာမီဆိုက်ရောက်လာမည်ဖြစ်သည်။

အန္တရာယ်ကြီးမား

၎င်းစစ်သင်္ဘောနှစ်စင်းကို တောင်ကိုရီးယားနိုင်ငံ ကန်နမ်ကော်ပိုရေးရှင်းလုပ်ငန်းမှ တည်ဆောက်ထားခြင်းဖြစ်သည်။ ကျန်သင်္ဘောခြောက်စင်းကိုမူ တောင်ကိုရီးယားတို့၏ စစ်သင်္ဘော တည်ဆောက်မှုနည်းပညာများကို အိန္ဒိယက လွှဲပြောင်းရယူပြီး အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂိုရာသင်္ဘောကျင်း၌ တည်ဆောက်မည်ဖြစ်သည်။ ယင်းစစ်သင်္ဘောများကို ရေအောက်မိုင်းရှာဖွေဖျက်ဆီးရေးနှင့် တိုက်ခိုက်ရေးလုပ်ငန်းများ၌ အိန္ဒိယရေတပ်က အသုံးပြုသွားမည်ဖြစ်သည်။ ရေအောက်၌ ရေမြုပ်မိုင်းများ ရှင်းလင်းရေးသည် အန္တရာယ်ကြီးမားသည့်လုပ်ငန်းဖြစ်ရာ နည်းပညာသုံးစစ်သင်္ဘောများဖြင့် ဖယ်ရှားရှင်းလင်းရန် ရည်ရွယ်ပြီး ဝယ်ယူခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့တစ်ဖွဲ့ ဆူဒန်သို့ အင်ဒိုနီးရှားစေလွှတ်မည်

ဂျကာတာ ဇွန် ၁၀

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်တွင် ပါဝင်တာဝန်ထမ်းဆောင်ရန်အတွက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့တစ်ဖွဲ့ ဆူဒန်နိုင်ငံ ဒါဖာဒေသသို့စေလွှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားစစ်တပ်(တီအင်န်အိုင်)က ကြေညာသည်။ **(ဝဲပုံ)**

ဒါဖာဒေသသို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့တစ်ဖွဲ့ စေလွှတ်ပါရန် ကုလသမဂ္ဂက မေတ္တာရပ်ခံကြောင်း၊ မိမိတို့ကလည်း စေလွှတ်ရန်အသင့်ဖြစ်ပါကြောင်း အင်ဒိုနီးရှားငြိမ်းချမ်းရေးထိန်းသိမ်းရေးဌာန အကြီးအကဲ ဗိုလ်မှူးချုပ် အီမန်အက်ဒီက ဇွန် ၉ ရက်တွင် ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဆူဒန်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်ဖွဲ့တစ်ဖွဲ့ ပေးပို့ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

တူရကီတောင်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား တပ်ဖွဲ့ဝင်များသေဆုံး

အစ္စတန်ဘူလ် ဇွန် ၁၀

တူရကီနိုင်ငံတောင်ပိုင်း ဟက်ကရီပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့ ပီကေကေ လက်နက်ကိုင်တို့နှင့် တူရကီတပ်များ တိုက်ပွဲဖြစ်သဖြင့် အနည်းဆုံး တူရကီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။

အီရတ်နယ်စပ်အနီး ဟက်ကရီပြည်နယ်တွင် လမ်းပေါ်ဗုံးထောင်နေသည့် ပီကေကေအကြမ်းဖက်သမား တစ်စုကို တူရကီတပ်ဖွဲ့ဝင်များက တွေ့ရှိပြီးနောက် ဇွန် ၈ ရက်က တိုက်ပွဲစတင်ဖြစ်ပွားခြင်းဖြစ်သည်။ တိုက်ပွဲအတွင်း တူရကီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည့်အပြင် ပီကေကေအကြမ်းဖက်သမားတစ်ဦးလည်း သေဆုံးကြောင်းသိရသည်။ အီရတ်နိုင်ငံမြောက်ပိုင်း တူရကီ၊ အီရတ်နယ်စပ်အနီးတွင် ပီကေကေအင်အား ၂၀၀၀ ခန့် လှုပ်ရှားနေကြောင်း တူရကီအစိုးရက ကြေညာသည်။ (အင်တာနက်)

နိုင်ဂျီးရီးယား၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

အဘူဂျာ ဇွန် ၁၀

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘော်နိုပြည်နယ် ရဲတပ်ဖွဲ့ဌာနချုပ်ကို ဦးတည်ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားစဉ် ခုနစ်ဦးသေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားကြက်ခြေနီအဖွဲ့က ကြေညာသည်။

ဘော်နိုပြည်နယ် မေဒူဂူရီမြို့တော်ရှိ ပြည်နယ်ရဲတပ်ဖွဲ့ဌာနချုပ်အတွင်း ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသည့် ကားကို အသေခံဗုံးခွဲသမားက မောင်းနှင်ဝင်ရောက်ရန် ဇွန် ၉ ရက်က ကြိုးပမ်းကြောင်း သိရသည်။

သို့သော် အဆိုပါမော်တော်ကားမှာ ရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အအုံအပြင်ဘက်ရှိ သဲများထည့်ထားသည့် စည်ပိုင်းများကိုသာဝင်ဆောင့်ပြီး ပေါက်ကွဲသွားကြောင်း၊ သေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရသည်။ **(ယာပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းအတို့အထွာ ၁၀-၆-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

တရုတ်အနောက်တောင်ပိုင်း၌ ငြမ်းစင်ပြိုကျ၊ ခုနစ်ဦးသေဆုံး

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဇွန် ၈ ရက်က လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ၌ ငြမ်းစင်ပြိုကျပြီးနောက် ဆောက်လုပ်ရေးအလုပ်သမား ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ **(အောက်ပုံ)**

ယူနန်ပြည်နယ် ဝူကျင်စီရင်စုအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ၌ အအေးခံစင်မြင့်တစ်ခု ဆောက်လုပ်နေချိန်တွင် အဆိုပါငြမ်းစင်မှာ ယင်းနေ့ဒေသစံတော်ချိန် နံနက်၁၁နာရီခန့်က ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ငြမ်းစင်ပြိုကျမှုကြောင့် အလုပ်သမား ရှစ်ဦး ပိမိနေခဲ့ကြောင်း ဝူကျင်စီရင်စု ပြည်သူ့ရေးရာဌာနမှ အရာရှိများကပြောကြားခဲ့သည်။လူခုနစ်ဦးမှာပွဲချင်းပြီး သေဆုံးခဲ့ပြီးအခြားတစ်ဦးမှာဒေသတွင်းဆေးရုံသို့ အရေးပေါ်ဆေးကုသရန် ပို့ဆောင်ထားကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းကို လောလောဆယ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါအရာရှိများက ဆက်လက်ပြောကြားသည်။

တရုတ်(တိုင်ပေ)အရှေ့ဘက်ကမ်းလွန်တွင် အင်အားပြင်းငလျင်လှုပ်

တရုတ်(တိုင်ပေ) အရှေ့ပိုင်းပင်လယ်ကမ်းခြေတွင် ဇွန် ၁၀ရက် ပေကျင်းစံတော်ချိန် ၀၅ နာရီက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း ယင်းဒေသရှိ မိုးလေဝသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ အဆိုပါငလျင်သည် မြောက်လတ္တီတွဒ် ၂၄ ဒသမ ၄၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၂ ဒသမ ၃၉ ဒီဂရီကြား၊ မြေအောက် ၆၁ ဒသမ ၉ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ မည်မျှပျက်စီးဆုံးရှုံးသွားသည်ကိုမူ ချက်ချင်း ထုတ်ပြန်ခြင်းမရှိသေးကြောင်း ၎င်းတို့ကပြောကြားသည်။

ပီရူးနိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျ၊ ခရီးသည် ၁၄ ဦးသေဆုံး

ပီရူးနိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ပျောက်ဆုံးနေသည့် ရဟတ်ယာဉ်တစ်စင်း၏ အပျက်အစီးများကို ဇွန် ၉ ရက်က ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပေါ်လိုက်ပါသူ ၁၄ ဦးစလုံး သေဆုံးလျက်ရှိကြောင်း ပီရူးအထူးကင်းလှည့်ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါရဟတ်ယာဉ်သည် ဇွန် ၆ ရက်က မက်အိုဒီဒိုင်အိုးစ်ပြည်နယ် အမေဇုန်ဒေသမှ ပီရူး တောင်ပိုင်း ကူစကိုမြို့သို့ ဦးတည်ပျံသန်းလာခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပေါ်လိုက်ပါသည့် ခရီးသည် ၁၂ ဦးမှာ တောင်ကိုရီးယားနိုင်ငံသား အများစုအပါအဝင် နယ်သာလန်နိုင်ငံသားတစ်ဦး၊ စလိုဗက်ကီးယားနိုင်ငံသား တစ်ဦးနှင့်ပီရူးနိုင်ငံသားတစ်ဦးတို့ဖြစ်ပြီး အခြားနှစ်ဦးမှာ ပီရူးလေယာဉ်အမှုထမ်းများဖြစ်ကြသည်။ ယင်းရဟတ်ယာဉ်သည် အမြင့် မီတာ၄၉၀၀ရှိ မာမာရီဆာတောင်အနီး၌ ပျက်ကျခဲ့ပြီး အဆိုပါနေရာကို အဖွဲ့ဝင်ရှစ်ဦးပါသည့် ကင်းလှည့်ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များသည် မိုးရွာသွန်းမှုနှင့်ဆီးနှင်းများအကြားတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဖောင်ပိတ်အားကစား

ယူရို ၂၀၁၂ ဘောလုံးပွဲ ဆက်လက်ယှဉ်ပြိုင် နာမည်ကြီးစပိန်နှင့် အီတလီတို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့

ဂဒင့် ဇွန် ၁၀

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအုပ်စု (ဂ)မှ စပိန်နှင့် အီတလီအသင်းတို့၏ အဖွင့်ပွဲစဉ်ကို ပိုလန်နိုင်ငံ ဂဒင့်မြို့ရှိ ပရိသတ် ၄၃၆၁၅ ဦး ဆံ့သော ပီဂျီအီး အရီနာဂရင့် အားကစားရုံ၌ ဇွန် ၁၀ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။

ယူရိုဖလား လက်ရှိချန်ပီယံ စပိန်အသင်းနှင့် အီတလီအသင်းတို့ပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဟန်ဂေရီနိုင်ငံသားဗစ်တာကာဆိုင်းက တာဝန်ယူကြီးကြပ်ခဲ့သည်။ စပိန်အသင်းကိုနည်းပြ ဒဲလ်ဘော့က ၄း၃း၃ အခင်းအကျင်းဖြင့် ပွဲထွက်စေခဲ့သလို အီတလီအသင်းကိုလည်း နည်းပြပရင်ဒယ်လီက ၄း၁း၂း၁ ဗျူဟာအသစ်ဖြင့် ရင်ဆိုင်စေခဲ့သည်။

စပိန်အသင်းတွင် အင်နီယေစတာ၊ ဖာဘရီဂတ်စ်၊ ဆေးလ်ဗား၊ အလွန်ဆို၊ ဘက်ကွတ်၊ ဇာဗီ စသည့် အဓိက ကစားသမား စုံစုံလင်လင်နှင့် ပွဲထွက်လာသလို အီတလီကလည်း ကတ်ဆာနို၊ ဘာလော့တယ်လီ၊ ပီယာလိုစသည့် အမာခံကစားသမားများဖြင့် ရင်ဆိုင်ကစားခဲ့သည်။

စပိန်တို့ အီတလီအသင်းဘက်သို့ အကြိမ်များများ ထိုးဖောက်ကစားပြီး ဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း အီတလီ နောက်တန်းခံစစ်မှူးများ ဟန့်တားနိုင်မှု၊ ဂိုးသမား ဘတ်ဖွန်းကာကွယ်မှုနှင့် စပိန်တိုက်စစ်မှူးများ ကန်ချက် လွဲချော်နေမှုများကြောင့် ပထမပိုင်း၌ စပိန်တို့ဂိုးမသွင်းနိုင်ခဲ့ချေ။ ထို့အတူ အီတလီကွင်းလယ်ကစားသမား ပီယာလို၏ ပြစ်ဒဏ်ဘောကန်သွင်းချက်နှင့် အီတလီတိုက်စစ်မှူးများ၏ အပိုင်ဂိုးသွင်းမှုများကို စပိန်ဂိုးသမား ကာဆီးလက်စ်ကာကွယ်နိုင်ခဲ့သဖြင့် ပထမပိုင်းပွဲပြီးချိန်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန်တွင်လည်း စပိန်တို့ အီတလီနောက်တန်းကိုအကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲ ဖြစ်နေခဲ့သည်။ ထို့နောက် အီတလီအသင်းမှ လူစားဝင်လာသည့် ဒီနာတယ်လီက ပွဲချိန် ၆၁ မိနစ်၌ စပိန်ဂိုးသမား ကာဆီးလက်စ်နှင့် တစ်ဦးချင်းအတွေ့၌ ကန်သွင်းယူခဲ့သဖြင့် အီတလီတို့ အဖွင့်ဂိုးရရှိခဲ့သည်။ သို့သော် စပိန်တို့က ချေပဂိုး ပြန်သွင်းယူနိုင်ရေး ထိုးဖောက် တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၆၄ မိနစ်၌ ဖာဘရီဂတ်စ်က အီတလီဂိုးဧရိယာအတွင်းမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် **(အောက်ပုံ)** စပိန်တို့ ချေပဂိုးရရှိခဲ့သည်။ နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေးအတွက် ကြိုးစားခဲ့သော်လည်း ပွဲချိန် ပြည့်သည်အထိ ဂိုးထပ်မံမသွင်းနိုင်၍ တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြရခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စိုးလင်းဦး(မြန်မာ)က ချန်စု(ထိုင်း)ကို အလဲထိုးအနိုင်ရ

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၀

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ(ကန်တော်ကြီး)၌ ကျင်းပသည်။

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် စူပါ(မျိုးဆက်သစ်)(မြန်မာ)နှင့် ရော့စင်(ထိုင်း)က အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်လည်းကောင်း၊ ရန်တိုင်းကျော် (ဝါဆို) (မြန်မာ) ကို နန်ဖက်(ထိုင်း)က ဒုတိယအချီ၌ ၂မိနစ် ၅၉ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ဒေါင်းသည်းချေ(ဝါဆို)(မြန်မာ)နှင့် ကွမ်ငင်း(ထိုင်း)တို့က အလူးအလဲ ပူးတွဲသရေဖြင့်လည်းကောင်း၊ ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ) (မြန်မာ) နှင့် ချာနမ်လစ်(ထိုင်း)က ပူးတွဲသရေဖြင့် လည်းကောင်း၊ ဒေါနအောင် (ဝါဆို) (မြန်မာ)နှင့် အာသွန်း(ထိုင်း)တို့က ပူးတွဲသရေဖြင့်လည်းကောင်း၊ သတ္တိအောင် (တောင်ကလေး) (မြန်မာ)နှင့် ရေတ(ထိုင်း)က သူတစ်ပြန် ကိုယ်တစ်ပြန် သတ္တိချင်းဆိုင်၊ အားချင်းဆိုင် ပြိုင်သော်လည်း ပူးတွဲသရေဖြင့်လည်းကောင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် စိုးလင်းဦး(မြန်မာ)နှင့် ချန်စု(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ချန်စုခြေကန်ချက်များကြောင့် စိုးလင်းဦး အထိနာခဲ့ကာ

ကာကွယ်ခဲ့

စိုးလင်းဦး ဘယ်ညာလက်သီးတွဲလုံးများကို ချန်စု ဤသို့ ကာကွယ်ခဲ့သည်။

သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ရင်း ပထမအချီပြီးဆုံးခဲ့သည်။

ဒုတိယအချီ၌ စိုးလင်းဦးဘယ်ညာလက်သီးတွဲလုံးများ တရစပ်ပစ်သွင်းခဲ့ရာ ၁ မိနစ် ၆ စက္ကန့်၌ ချန်စု အနားတောင်းခဲ့ရသည်။ ဒုတိယအချီ၌ပင် စိုးလင်းဦး ဘယ်ညာဒူးကန်ချက်နှင့် လက်သီးတွဲလုံးများကြောင့် အမှတ်စဉ် သုံးကြိမ်ရေတွက်ခံရပြီး ချန်စု ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ၁ မိနစ် ၄၈ စက္ကန့်၌ အလဲထိုး အနိုင်ရရှိသွားကြောင်း သိရသည်။ ။

သာယာဝတီမြို့နယ် သုံးဆယ်မြို့ အရှေ့လက်ပံခုံရပ်ကွက် လမ်းမတော်လမ်းနေ ဖခင်ကြီး ဦးမောင်ပုအားရည်စူး၍ သမီးမအေးလေးနှင့် မိသားစုက ဇွန် ၄ ရက်တွင် သာယာဝတီမြို့နယ် ကရုဏာသွေးလှူရှင်အဖွဲ့အား ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ဘူးတစ်ဘူးလှူဒါန်းရာ သွေးလှူရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးကိုကိုလွင်နှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးဖိုးထူးတို့ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-စုစည်းသည်



ခရီးသည်များတောင်းဆိုချက် ဖြည့်ဆည်းပေးနိုင်ရေး မဟာတံတိုင်းကြီး၏ အပိုင်းနှစ်ပိုင်းကိုဖွင့်လှစ်ပေးမည်

ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံရှိ ကမ္ဘာ့အထင်ကရ မဟာတံတိုင်းကြီး၏ အပိုင်းနှစ်ပိုင်းကို အပျော်ခရီးသွားများ၏ တောင်းဆိုချက် မြင့်မားလာခြင်းကြောင့် မကြာမီ ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇွန် ၉ ရက်တွင် ကြေညာသည်။

ခရီးသည်များ လေ့လာလည်ပတ်ရေးအတွက် လက်ရှိအချိန်တွင် တံတိုင်းကြီး၏အပိုင်းလေးပိုင်းကိုသာ ခွင့်ပြုဖွင့်လှစ်ထားသည်မှာ သီတင်းတစ်ပတ် ရုံးပိတ်ရက်များနှင့်အားလပ်ရက်များတွင် လူများပြည့်သိပ်ထူပြောမှုဖြစ်နေကြောင်း မြို့ပြတာဝန်ရှိသူများက နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့သော အကြောင်းကြောင့် သမိုင်းဝင်အမွေအနှစ်ဖြစ်သော မဟာတံတိုင်းကြီး ထိခိုက်ပျက်စီးမှုများဖြစ်စေလာနိုင်၍ ဟောင်ဟူချန်ဒေသနှင့် ဟီဖန်ကျူဒေသရှိ တံတိုင်းကြီး၏ အစိတ်အပိုင်းနှစ်ပိုင်းကို အာဏာပိုင်များက ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ဂရိတ်ဝေါ မဟာတံတိုင်းကြီး အရှည်မှာ ပထမခန့်မှန်းထားသည်ထက် များစွာပိုရှည်နေသည်ကို တိုင်းတာတွေ့ရှိရကြောင်း မကြာသေးမီက သတင်းထုတ်ပြန်ထားသည်။ ၂၀၀၉ ခုနှစ်က ခန့်မှန်းထားသည့် မဟာတံတိုင်းကြီး၏ အရှည်မှာ ကီလိုမီတာ ၈၈၅၀ ဖြစ်ပြီး ယခုသုတေသနပြု တိုင်းတာမှုတွင် ၂၁၁၉၆ ဒသမ ၁၈ ကီလိုမီတာအရှည်ရှိသည်ကို သိရှိခဲ့ရခြင်းဖြစ်သည်။

တရုတ်မြောက်ပိုင်းနယ်စပ်အား ကာကွယ်ရေး အလို့ငှာ ဘီစီ ၅၀၀ ခန့်က မဟာတံတိုင်းကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် လူတို့ဖန်တီးတည်ဆောက်မှုတွင် အကြီးမားဆုံးသော အဆောက်အအုံအဖြစ် ယနေ့အချိန်အထိ ရပ်တည်ကျန်ရှိနေသောရှေးဟောင်းအမွေအနှစ် ဖြစ်သည်။ **(အင်တာနက်)**

ဗဟိုအမေရိကဒေသမှ ပန်းဝတ်ရည်စုပ်ငှက်၊ ပိတုန်းများ ပန်းတွေ့ရှိရေးအလို့ငှာ မြောက်ပိုင်းသို့ နေရပ်ရွှေ့ပြောင်း

ဝါရှင်တန် ဇွန် ၁၀

ပန်းဝတ်ရည်စုပ်ငှက်၊ ပိတုန်းများသည် ရာသီဥတုပြောင်းလဲလာမှု အခြေအနေကြောင့် ၎င်းတို့စုပ်ယူစားသုံးနေရသည့် ဝတ်မှုန်ဝတ်ရည်များမရရှိနိုင်တော့သဖြင့် ဗဟိုအမေရိကဒေသကို စွန့်ခွာကာ မြောက်ပိုင်းသို့ ပန်းပွင့်ပန်းပင်များရှာဖွေရေးအလို့ငှာ အသိုက်ပြောင်းရွှေ့လျက်ရှိကြောင်း သိပ္ပံပညာရှင်များက ဇွန် ၈ ရက်တွင် ပြောကြားသည်။

နွေဦးရာသီအစောပိုင်းကာလ၌ မြောက်အမေရိကအနောက်ပိုင်း တောင်ပေါ်မြက်ခင်းပြင်များတွင် ရေခဲတောင်နှင်းပန်းများ လှိုင်လှိုင်ပွင့်ဝေသောအချိန် ပိတုန်းများနှင့် ငှက်ပိတုန်းများ အသိုက်ပြောင်းရွှေ့ရောက်ရှိလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(ယာပုံ)**

ဗဟိုအမေရိကဒေသတွင် ပူနွေးသောရာသီကြောင့် ပန်းများအချိန်စော၍ ပွင့်လန်းခဲ့ကြပြီး ဝတ်ရည်စုပ်ငှက်များရောက်ရှိလာချိန်တွင် များစွာသောပန်းများမှာ ညှိုးနွမ်းခြောက်သွေ့ကာ ဝတ်ရည်ခန်းခြောက်ခဲ့သဖြင့် ယခုကဲ့သို့ ငှက်များ စားကျက်ပြောင်းရွှေ့ရသည့် ပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဒေသအတွင်း ပန်းပွင့်မာလာများပွင့်လန်းမှုသည် ၁၉၇၀ခုနှစ်များအတွင်းက ပန်းပွင့်ရာသီထက် ၁၇ ရက်စောပြီး ပွင့်လန်းခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံရှိ အမျိုးသားသိပ္ပံပညာဖောင်ဒေးရှင်းက သတင်းထုတ်ပြန်ခဲ့သည်။ **(အင်တာနက်)**

လက်ဘနွန်နိုင်ငံနှင့် စည်းခြားလိုက်သော အစ္စရေးတို့၏ နယ်ခြားတံတိုင်းတည်ဆောက်ပြီးစီး

ဂျေရုဆလင် ဇွန် ၁၀

လက်ဘနွန်နိုင်ငံနယ်စပ်နှင့် အစ္စရေးနိုင်ငံ နှစ်နိုင်ငံ နယ်စပ်ကြား အစ္စရေးတို့တည်ဆောက်လျက်ရှိသည့် နယ်ခြားတံတိုင်းမှာ တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း လက်ဘနွန်လုံခြုံရေး သတင်းရင်းမြစ်က ဆင်ဟွာသို့ ဇွန် ၉ ရက်တွင် ပြောကြားသည်။ အစ္စရေးစစ်သားများနှင့် လက်ဘနွန် အရပ်သားများ ရန်ပွားလာနိုင်သည့် အရေးများကို ကြိုတင်တားဆီးခြင်းအနေဖြင့် ယင်းနယ်ခြားတံတိုင်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အစ္စရေး တည်ဆောက်ရေးအဖွဲ့က အချိန်တစ်လကျော်ယူကာ ခုနစ်မီတာအမြင့်ရှိ စုစုပေါင်းမီတာ ၁၂၀၀ ရှည်လျားသော နယ်ခြားတံတိုင်းကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အစ္စရေးတို့၏ နယ်ခြားတံတိုင်းကို ခေတ်မီအချက်ပေးစနစ်များနှင့် ထောက်လှမ်း ရှာဖွေရေးကိရိယာများတပ်ဆင်ပြီးနောက် နောက်ဆုံးပိတ်အပိုင်းကို ဇွန် ၉ ရက်တွင် အပြီးသတ်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အစ္စရေးစစ်သားများက တံတိုင်းတစ်လျှောက် ၁၂ မီတာအကွာစီတွင် ဗီဒီယိုကင်မရာများဖြင့် လက်ဘနွန်ဘက်ခြမ်းသို့ ကင်းစောင့်လျက်ရှိကြောင်း၊ လက်ဘနွန်တို့ဘက်ကလည်း တံတိုင်းဧရိယာတစ်လျှောက် ကင်းလှည့်ခြင်းကို အထူးတိုးမြှင့်လုပ်ဆောင်နေကြောင်း အဆိုပါ သတင်းရင်းမြစ်က ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်များအရ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ တပ်နယ်ခန်းမ၌ ဇွန် ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး (၁)ခူဦးရယ်၊ အတွင်းရေးမှူး (၂) ဦးအောင်ဆန်းမြင့်၊ ကရင်နီပြည်တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူးတို့ ဦးဆောင်သောအဖွဲ့သည် ကယားပြည်နယ် ဖားဆောင်းမြို့မှတစ်ဆင့် ဇွန် ၇ ရက်က ရောက်ရှိလာခဲ့ရာ ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဖားဆောင်းမြို့သို့သွားရောက်၍ လည်းကောင်း၊ ဒေသခံပြည်သူလူထုက လွိုင်ကော်မြို့ဝင်မှ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဇွန် ၈ ရက် ညနေပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုအဆင့် ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ပြည်နယ်ရိပ်သာသို့ သွားရောက်ပြီး ကရင်နီအမျိုးသား တိုးတက်ရေးပါတီ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့အား တွေ့ဆုံနှုတ်ဆက်ကာ အကြိုညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အစိုးရအဖွဲ့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နှစ်ဖက်အဖွဲ့အစည်းများ၊ ပြည်နယ်အဆင့်အကြီးအကဲများနှင့် ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဇွန် ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိုကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်းတို့တက်ရောက်ကြပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ အတွင်းရေးမှူး(၁) ခူဦးရယ်၊ အတွင်းရေးမှူး(၂)ဦးအောင်ဆန်းမြင့်၊ ကရင်နီပြည်တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး ဦးဆောင်သောအဖွဲ့များ၊ နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအစပိုင်းတွင် နှစ်ဖက်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းမှုမှ ဖွံ့ဖြိုးမှုသို့ တက်လှမ်းနိုင်ရေး ဆန္ဒပြုကာ နှုတ်ခွန်းဆက်စကားများ အပြန်အလှန် ပြောကြားကြသည်။

ယင်းနောက် နှစ်ဖက်အဖွဲ့ခေါင်းဆောင်များသည် ပြည်နယ်အဆင့် ဆွေးနွေးပွဲ၌ ပဏာမသဘောတူညီပြီး ဆက်လက်ဆွေးနွေးရန် တင်ပြထားသောအချက် (၂၀)အား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြ၍ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြပြီး ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ဆက်လက်၍ ညပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အစိုးရအဖွဲ့က ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စွာပြီးစီးခြင်း အထိမ်းအမှတ် ညစာစားပွဲကို တည်ခင်းဧည့်ခံရာ နှစ်ဖက်အဖွဲ့များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှ ကယားတိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကယားပြည်နယ်မှ (၆) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသူ မနေခြည်လင်းနှင့် မအယ်ဒိုဖောတို့အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တိုင်းရင်းသားခေါင်းဆောင် ခူဦးရယ်တို့က လည်းကောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား မောင်ဟိန်းကောင်းစံအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးကလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ဖက်အဖွဲ့များက ချစ်ကြည်ရေးအထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကျောင်းပြင်ပ မူလတန်းပညာရေးဇုန်အဆင့် နည်းပြသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၀

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးဇုန်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သိင်္ဂီမြိုင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအေးကြူ **(အောက်ပုံ)**က ကျောင်းပြင်ပ မူလတန်းပညာရေး၏ရည်ရွယ်ချက်မှာ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသောကလေးများ၊ ကျောင်းနေသော်လည်း အခြေခံပညာမူလတန်းမပြီးဆုံးမီ ကျောင်းထွက်စောခဲ့သော ကလေးများအား မူလတန်းအဆင့် ပြီးမြောက်အောင် သင်ကြားပေးရေးနှင့် အဆိုပါကလေးများ အလယ်တန်းအဆင့်သို့ ဆက်လက်တက်ရောက်ပညာသင်ယူနိုင်ရေးတို့ဖြစ်ကြောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ဖြင့် ကလေးများအား မူလတန်းအဆင့် ပြီးမြောက်အောင် သင်ကြားပေးရာတွင် ကလေးများ တတ်မြောက်အောင် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးနည်းပြသင်တန်းကပို့ချသည့် ကျောင်းပြင်ပမူလတန်းပညာရေး သင်ကြားနည်းစနစ်များကို အားကြိုးမာန်တက် သင်ယူပြီး အဆိုပါနည်းစနစ်အတိုင်း ကလေးများအား သင်ကြားပို့ချပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ယခုနည်းပြ သင်တန်းသို့ တက်ရောက်လာကြသည့် ကြီးကြပ်ရေးမှူးများနှင့် ဆရာ ဆရာမများသည် ကလေးများအား သင်ကြားပို့ချနိုင်ရေးအတွက် ကြိုးပမ်းသင်ယူကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ကျောင်းပြင်ပမူလတန်းပညာရေး နည်းပြသင်တန်းကပို့ချချက်များကို မိမိတို့မြို့နယ်များ၌ သင်ကြားပို့ချရာတွင် ကလေးများ မူလတန်းအဆင့် ပြီးမြောက်ရေးအတွက် သဘောတရားနှင့်လက်တွေ့ပေါင်းစပ်ပြီး စေတနာအပြည့်သင်ကြားပို့ချပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ကျောင်းပြင်ပ မူလတန်းပညာရေးဇုန်အဆင့်နည်းပြသင်တန်းများကို ဇွန် ၁၀ ရက်တွင် ရန်ကုန်၊ မန္တလေးနှင့်ပဲခူးမြို့များ၌ တစ်ပြိုင်တည်းဖွင့်လှစ်ရာ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၅၇ ဦး တက်ရောက်ကြပြီး သင်တန်းများကို ဇွန် ၁၆ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇွန် ၅ ရက်က ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများဦးဆောင်၍ ကျေးရွာပြည်သူလူထုများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ညောင်ချောင်းကျေးရွာ ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧကတွင် ယူကလစ်ပင် ၁၂၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (သစ်တောဦးစီး)

ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးအား မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်မှု ကျူးလွန်သူ တရားခံတစ်ဦး အကျဉ်းထောင်အတွင်း ကြိုးဆွဲချ သေကြောင်းကြံစည်

နေပြည်တော် ဇွန် ၁၀

ကျောက်ဖြူအကျဉ်းထောင်တွင် ချုပ်နှောင်ထားသည့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးအား မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်သူတရားခံ သုံးဦးအနက်မှ တရားခံ ရှောင်ရှူး(ခ) ထက်ထက်(ခ) ဖြိုးဇေယျာကျော်သည် ယမန်နေ့ ညနေ ၆ နာရီ ၅၅ မိနစ်ခန့်တွင် ၎င်းဝတ်ဆင်ထားသည့် ပုဆိုးအားဆုတ်ဖြဲပြီး ကြိုးအဖြစ်အသုံးပြုကာ အမြင့်ရှစ်ပေခန့်ရှိ လေဝင်ပြတင်းပေါက်သံတိုင်တွင် ချည်နှောင်၍ အိမ်သာအိုးပေါ်မှခုန်ချကာ ကြိုးဆွဲချ သေကြောင်းကြံစည်ခဲ့သည်။

ယင်းဖြစ်စဉ်အား တိုက်ခန်းတာဝန်ကျ အကျဉ်းထောင်တပ်သားမှ တွေ့မြင်၍ အကူအညီတောင်းခံရာ တာဝန်ရှိသူများ ချက်ချင်းရောက်ရှိပြီး ရှေးဦးသူနာပြုစုနည်းဖြင့် ဝိုင်းဝန်းပြုစုသော်လည်း သတိပြန်လည်လာခြင်းမရှိဘဲ သေဆုံးခဲ့ကြောင်း၊ ၎င်းသေဆုံးမှုအား အကျဉ်းထောင်ဆရာဝန်မှ အတည်ပြုပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာသို့ ပြည်နယ်ထောင်အုပ်စုညွှန်ကြားရေးမှူး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဆရာဝန်ကြီးနှင့် ခရိုင်လဝကမှူးတို့ပါဝင်သည့်အဖွဲ့မှ လာရောက်စစ်ဆေးကြည့်ရှုပြီး ဓာတ်ပုံမှတ်တမ်းများရယူကာ ကျောက်ဖြူရဲစခန်း သေမှုသေခင်း အမှတ်စဉ် ၁၆/၂၀၁၂ ဖြင့် အမှုဖွင့်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်

ဇွန် ၃ ရက်က လွိုင်ကော်မြို့ သီရိမင်္ဂလာဈေး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့မှ ပျံကျဈေးသည်များ၏ ကျောင်းနေအရွယ် သားသမီး ၅၁ ဦးအတွက် တန်ဖိုးငွေကျပ် ၁၇၁၅၀၀ ရှိ ကျောင်းဝတ်စုံ ၅၁ စုံကို တာဝန်ရှိသူတစ်ဦးက ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ရတနာပုံအသင်းအတွက် အားကစားဝတ်စုံစပွန်ဆာပေး

ရန်ကုန် ဇွန် ၁၀

MNL ကလပ် ရတနာပုံအသင်းအား အားကစားဝတ်စုံများ Sponsor ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဝါးတန်းလမ်းရှိ လွယ်ဟိန်းကုမ္ပဏီ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ERKE ကုမ္ပဏီမှ Export မန်နေဂျာ Mr.Allen Wei က ရတနာပုံအသင်းအား စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဦးစိုင်းကျော်ဝင်းက ဖြည့်စွက်ပြောကြားသည်။ ဆက်လက်၍ ရတနာပုံအသင်း CEO ဦးဟန်မင်းထွဏ်းနှင့် ကုမ္ပဏီမှ Export မန်နေဂျာ Mr. Allen Wei တို့ စပွန်ဆာစာချုပ် ချုပ်ဆိုကာ အပြန်အလှန်လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ရတနာပုံအသင်းမှ နည်းပြများနှင့် အသင်းခေါင်းဆောင် အောင်ကျော်မိုးတို့ထံ အားကစားဝတ်စုံနှင့် ပစ္စည်းများကို ပေးအပ်ပြီး ရတနာပုံအသင်းအုပ်ချုပ်သူ ဦးအောင်ထွန်းဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)


ရုပ်ရှင်မင်းသမီး ပါရီနေးတီချိုပရာ


ရုပ်ရှင်မင်းသား ရန်ဘီရာကာပူးရာ

ရုပ်ရှင်မင်းသမီး ဗစ်ယာဘာလန်

(၁၃)ကြိမ်မြောက် နိုင်ငံတကာအိန္ဒိယရုပ်ရှင်အကယ်ဒမီဆုပေးပွဲ စင်ကာပူ၌ကျင်းပ ဒါရိုက်တာဇိုယာအခါတာ၊ ရုပ်ရှင်မင်းသား ကာပူးရာနှင့် မင်းသမီးဗစ်ယာဘာလန်တို့ဆုများရရှိ

စင်ကာပူ ဇွန် ၁၀

(၁၃)ကြိမ်မြောက် နိုင်ငံတကာအိန္ဒိယရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲကို စင်ကာပူနိုင်ငံ အင်ဒိုးအားကစားရုံ၌ ဇွန် ၁၀ ရက်က ကျင်းပရာ အကောင်းဆုံးရုပ်ရှင်ကားဆုကို Zindagi Na Milegi Dobara ဇာတ်ကားက ဆွတ်ခူးရရှိသွားခဲ့သည်။

ယင်းရုပ်ရှင်ကားကို ဒါရိုက်တာ ဇိုယာအခါတာက ရိုက်ကူးထားခြင်းဖြစ်ပြီး စပိန်နိုင်ငံသို့ သွားရောက်သည့် သူငယ်ချင်းသုံးဦး၏ အဖြစ်အပျက်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်သည်။ ၎င်းဇာတ်ကားသည် The Dirty Picture ရုပ်ရှင်ကားနှင့် Rockstar ဇာတ်ကားတို့နှင့်အပြိုင် ရွေးချယ်ခဲ့ရာ အကောင်းဆုံးဇာတ်ကားဆုရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် အကောင်းဆုံးဒါရိုက်တာဆုကိုလည်း ယင်းဇာတ်ကားရိုက်ကူးခဲ့သည့် ဒါရိုက်တာဇိုယာအခါတာက ဆွတ်ခူးရရှိခဲ့သည်။ ဒါရိုက်တာ ဇိုယာအခါတာသည် ယင်းဇာတ်ကားကို ဇာတ်ဝင်ခန်းတိုင်း အချိတ်အဆက်မိမိဖြင့် ရိုက်ကူးနိုင်ခဲ့ပြီး သရုပ်ဆောင်များနှင့် နောက်ခံမြင်ကွင်းများကို အကောင်းဆုံးစုဖွဲ့ကာ ပရိသတ်များစိတ်ဝင်စားအောင် ရိုက်ကူးခဲ့ခြင်းကြောင့် ဖြစ်သည်။

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို Rockstar ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသား ရန်ဘီရာကာပူးရာက ဆွတ်ခူးရရှိခဲ့သည်။ ရုပ်ရှင်မင်းသား ရန်ဘီရာကာပူးရာသည် ယင်းဇာတ်ကား၌ ဇာတ်လမ်းနှင့်လိုက်ဖက်စွာ ထူးထူးခြားခြားသရုပ်ဆောင်နိုင်ခဲ့မှုကြောင့်ဖြစ်သည်။ ထို့အတူ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို The Dirty Picture ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသမီး ဗစ်ယာဘာလန်က ဆွတ်ခူးရရှိခဲ့သည်။ ရုပ်ရှင်မင်းသမီး ဗစ်ယာဘာလန်သည် ယင်းဇာတ်ကား၏ ဇာတ်လမ်းနှင့်အတူ စီးမျောလိုက်ပါကာ ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို Zindagi Na Milegi Dobara ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသား ဖာဟန်အခါတာက ဆွတ်ခူးရရှိခဲ့သည်။ တစ်ဖန် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို Ladies Vs Ricky Bachl ဇာတ်ကား၌ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသမီး ပါရီနေးတီချိုပရာက ဆွတ်ခူးရရှိခဲ့သည်။

အကောင်းဆုံးအမျိုးသား ရုပ်ရှင်နောက်ခံသီချင်းသီဆိုသူဆုကို Rockstar ဇာတ်ကား၌ နောက်ခံသီချင်းသီဆိုပေးခဲ့သည့် အဆိုတော် မိုဟစ်ချူဟန်နှင့် နာဒန်ပါရင်ဒီတို့က ရရှိခဲ့သည်။ တစ်ဖန် အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်နောက်ခံသီချင်းသီဆိုသူဆုကို Bodyguard ဇာတ်ကား၌ နောက်ခံသီချင်းသီဆိုပေးခဲ့သည့် အဆိုတော် ရှရီယာဂိုရှယ်နှင့် တာရိမီရိတို့ကဆွတ်ခူးရရှိခဲ့သည်။

အဲလိဇဘတ်တေလာအကြောင်းရုပ်ရှင်ရိုက်ကူးနေတဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်

လော့စ်အိန်ဂျလိစ် ဇွန် ၁၀

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးနဲ့အဆိုတော်ဖြစ်တဲ့ လင်ဆေးလိုဟန် **(အောက်ပုံ)**ဟာ ဇွန် ၉ ရက်က သူမကိုယ်တိုင် မောင်းနှင်လာတဲ့ကားက အမှိုက်တင်ကားတစ်စီးကိုတိုက်မိလို့ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာမြို့ ဆေးရုံမှာ တက်ရောက်ကုသခံနေရပါတယ်။ ဒါပေမယ့် ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့တာဖြစ်လို့ ဆေးရုံကပြန်ဆင်းရမှာ ဖြစ်ပါတယ်။

အသက် ၂၅ နှစ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်ဟာLiz & Dick အမည်ရှိတဲ့ ရုပ်ရှင်ကားရဲ့ဇာတ်ဝင်ခန်းတွေကို ဆန်တာမိုနီကာမြို့ ကမ်းခြေမှာ သွားရောက်ရိုက်ကူးပြီး အပြန်မှာ အခုလို ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီဇာတ်ကားဟာ ရုပ်ရှင်မင်းသမီးကြီး အဲလိဇဘတ်တေလာရဲ့ ဘဝအဖြစ်အပျက်တွေကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာဖြစ်ပါတယ်။

၂၀၀၅ ခုနှစ်က A Little More ဇာတ်ကားနဲ့ နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်မင်းသမီးလင်ဆေးလိုဟန်ဟာ ၂၀၀၈ ခုနှစ်က Ugly Betty အမည်ရှိတဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲနဲ့ ဆက်လက်ပြီး လူကြိုက်များခဲ့လို့ အခုဆိုရင် ဟောလိဝုဒ်မှာ ဇာတ်ကားတွေ ဆက်တိုက်ရိုက်ကူးနေရတဲ့ လူငယ်အမျိုးသမီးသရုပ်ဆောင်တစ်ဦးလည်းဖြစ်ပါတယ်။

ယခုလက်ရှိအချိန်မှာ In APProiate Comedy ဇာတ်ကားနဲ့ Glee အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွေရိုက်ကူးနေတဲ့အပြင် Liz & Dick ရုပ်ရှင်ကားကိုလည်း ရိုက်ကူးနေပါတယ်။ Liz & Dick ရုပ်ရှင်ကားမှာတော့ ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်ဟာ အဲလိဇဘတ်တေလာအဖြစ် ပါဝင်သရုပ်ဆောင်နေပါတယ်။

တက်ရောက်ဆင်နွှဲ

ဒါ့အပြင် နယူးယောက်မြို့မှာ မကြာမီကကျင်းပခဲ့တဲ့ ဖက်ရှင်ပြပွဲတစ်ခုကို တက်ရောက်ခဲ့ပြီး ဖက်ရှင်အဝတ်အစားဒီဇိုင်းသစ်တွေကို မော်ဒယ်တစ်ဦးအဖြစ် ဝတ်ဆင်ပြသခဲ့သူလည်း ဖြစ်ပါတယ်။ မော်ဒယ်တစ်ဦးအဖြစ် ဖက်ရှင်ပွဲတွေမှာ တက်ရောက်ဆင်နွှဲနေသလို တေးသီချင်းအယ်လ်ဘမ်သစ်တစ်ခုထွက်ရှိဖို့လည်း စီစဉ်နေပါတယ်။ လင်ဆေးလိုဟန်ဟာ Speak အမည်ရှိတဲ့ တေးအယ်လ်ဘမ်နဲ့ နာမည်ကြီးခဲ့သူဖြစ်ပြီး ၂၀၁၂ ခုနှစ်ကုန်မှာ Love အမည်ရှိတဲ့ တေးသီချင်းအယ်လ်ဘမ်သစ်ထွက်ရှိဖို့ စီစဉ်နေတာဟာ နောက်ဆုံးအဆင့် ရောက်ရှိနေပြီလို့ ဆိုပါတယ်။ **(အင်တာနက်)**

ထို့အတူ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုကို Zindagi Na Milegi Dobara ရုပ်ရှင်ဇာတ်ညွှန်းရေးသားသူ ရေးမာကတ်တီနှင့် ဇိုယာအခါတာတို့က ဆွတ်ခူးရရှိခဲ့သည်။ **(အင်တာနက်)**

ကောင်းမြတ်သူ - ရေးသားသည်

အကျော်ကြားဆုံး ဂျပန်အမျိုးသမီး ဂီတအဖွဲ့

တိုကျို ဇွန် ၁၀

ဂျပန်နိုင်ငံက အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ AKB 48 ဂီတကို ဂျပန်ပရိသတ်တွေက နိုင်ငံရဲ့ အကျော်ကြားဆုံးဂီတအဖွဲ့အဖြစ် ရွေးချယ်လိုက်ပါတယ်။ ဒီတေးဂီတအဖွဲ့ကို AKB 48 လို့ အမည်ပေးထားရတဲ့ အကြောင်းကတော့ ဂျပန်အမျိုးသမီးအဆိုတော် ၄၈ဦးနဲ့ ဖွဲ့စည်းထားလို့ပါပဲ။

AKB 48 ဂီတအဖွဲ့ဟာ ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းတင် ဂီတအဖွဲ့ကြီးအဖြစ် ထင်ရှားပါတယ်။ ကမ္ဘာမှာ အကြီးဆုံးပေါ့ပ်ဂီတအဖွဲ့အဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ခံထားရတဲ့ ဂီတအဖွဲ့ဖြစ်ပါတယ်။

ဒီတေးဂီတအဖွဲ့ရဲ့ခေါင်းဆောင်ကတော့ အသက် ၂၃ နှစ်သာရှိသေးတဲ့ ယူကိုအိုရှီမာဖြစ်ပါတယ်။ ဇွန် ၈ ရက်က ယူကိုအိုရှီမာ (အပေါ်ပုံ) ဦးဆောင်တဲ့ AKB 48 ပေါ့ပ်ဂီတအဖွဲ့အား နိုင်ငံရဲ့အကျော်ကြားဆုံး ဂီတအဖွဲ့အဖြစ် ပရိသတ်တွေက ဆန္ဒမဲပေးရွေးချယ်ပြီးခဲ့တဲ့နောက် သူမနဲ့ဂီတအဖွဲ့ဟာ ဂျပန်နိုင်ငံပိုင် ရုပ်မြင်သံကြားမှာ သုံးနာရီကြာ သီဆိုဖျော်ဖြေခဲ့ကြပါတယ်။ ယူကိုအိုရှီမာ ဦးဆောင်တဲ့ဒီဂီတအဖွဲ့ရဲ့ မြူးမြူးကြွကြွ သီဆိုဟန်များကို ပရိသတ်များ အထူးနှစ်ခြိုက်ကြတယ်လို့ဆိုပါတယ်။

AKB 48 ဂီတအဖွဲ့ကို ၂၀၀၅ ခုနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဒီပေါ့ပ်ဂီတအဖွဲ့ကို ကာဝိုင်ရီလို့လည်း လူသိများခဲ့ပါတယ်။ ဂီတအဖွဲ့ဝင်အားလုံးဟာ အသက် ၂၀ ဝန်းကျင်တွင် ဆယ်ကျော်သက်များဖြစ်ကြပါတယ်။ နှစ်စဉ်နှစ်တိုင်း ပရိသတ်ဆန္ဒမဲပေးမှုအများဆုံးရတဲ့ ဂီတအဖွဲ့ဖြစ်ပါတယ်။ ထိုဂီတအဖွဲ့ရဲ့ ခေါင်းဆောင်ကိုလည်း တစ်နှစ်တစ်ခါရွေးချယ်ပါတယ်။ ဆန္ဒမဲအများဆုံးရတဲ့ပေါ့ပ်အဆိုတော်ဟာ အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်လာပါတယ်။ ဒီနှစ်မှာတော့ ယူကိုအိုရှီမာကို ဒီအဖွဲ့ရဲ့ခေါင်းဆောင်အဖြစ်ပရိသတ်တွေက ဆန္ဒမဲပေး ရွေးချယ်ပေးခဲ့တာဖြစ်ပါတယ်။

AKB ဆိုတဲ့ အမည်ကတော့ တိုကျိုမြို့ရဲ့ နာမည်ကြီး ကဇာတ်ရုံ အကီဟာဘာရာကို အစွဲပြုပြီး ပြောဆိုတာဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ဂျပန်နိုင်ငံမှာသာမက တရုတ်၊တရုတ်(တိုင်ပေ)နဲ့ အင်ဒိုနီးရှားနိုင်ငံတို့အထိ အောင်မြင်ကျော်ကြားတဲ့ ဂီတအဖွဲ့ဖြစ်ပါတယ်။ (အင်တာနက်)

အဆိုတော် ဂျွန်မေယာရဲ့အယ်လ်ဘမ် ဒုတိယပတ်မြောက် အရောင်းရဆုံးဖြစ်

လော့စ်အိန်ဂျလိစ် ဇွန် ၁၀



အမေရိကန် လူငယ်အဆိုတော် ဂျွန်မေယာ **(ယာပုံ)** ရဲ့ Born and Raised လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ ဘေလ်ဘုတ် ၂၀၀ အရောင်းရဆုံးတေးအယ်လ်ဘမ်စာရင်းမှာ ဒုတိယပတ်မြောက်အရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်လာပါတယ်။

မေယာရဲ့ ဒီတေးအယ်လ်ဘမ်ဟာ ပဉ္စမမြောက် စတူဒီယိုတေးအယ်လ်ဘမ် ဖြစ်ပါတယ်။ သူ့ရဲ့ ဒီတေးအယ်လ်ဘမ်ဟာ လောလောဆယ် ဇွန် ၉ ရက်အထိ တေးအယ်လ်ဘမ်အချပ်ပေါင်း ၇၀၀၀၀အထိ ရောင်းချပြီးဖြစ်တယ်လို့ သိရပါတယ်။ ဂျွန်မေယာဟာ ဘေလ်ဘုတ် ၂၀၀ စာရင်းမှာ နံပါတ်တစ်အရောင်းရဆုံးဖြစ်တဲ့ ပထမဆုံး အမေရိကန်အဆိုတော်ဖြစ်ပါတယ်။

ဗြိတိသျှအဆိုတော် အဒေလီရဲ့ 21 လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်က အယ်လ်ဘမ်အချပ်ရေ ၅၈၀၀၀ ရောင်းချခဲ့ရပြီး ဘေလ်ဘုတ် ၂၀၀ ရဲ့ ဒုတိယအရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်လာပြန်ပါတယ်။ NBC ရုပ်မြင်သံကြားကလည်း အထူးသီဆိုမှုပွဲကြောင့် အမေရိကန်မှာ ရောင်းအားပြန်ကောင်းလာတယ်လို့ဆိုပါတယ်။ တေးရေး၊ တေးဆိုအဆိုတော် ရက်ဂျီနာစပက်တာရဲ့ ဆဋ္ဌမမြောက် အယ်လ်ဘမ်ဖြစ်တဲ့ What We Saw From The Cheap Seats အယ်လ်ဘမ်ကတော့ အချပ်ရေ ၄၂၀၀၀ ရောင်းချခဲ့ရပြီး တတိယအရောင်းရဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ **(အင်တာနက်)**

ပေါ့ပ်အဆိုတော် လေဒီဂါဂါ အယ်လ်ဘမ်သစ်ထွက်လာမည်

နယူးယောက် ဇွန် ၁၀

ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါက သူမရဲ့တတိယမြောက်အယ်လ်ဘမ်ထွက်ဖို့ အသင့်ဖြစ်နေပြီလို့ ဇွန် ၉ ရက်က တွစ်တာဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားလိုက်ပါတယ်။

"ကျွန်မရဲ့ နောက်ထွက်မယ့် အယ်လ်ဘမ်သစ်အတွက် အားလုံးအသံသွင်းပြီးပါပြီ။ ဒီအယ်လ်ဘမ်ရဲ့ အမည်ကိုတော့ စက်တင်ဘာလမှာ ပရိသတ်တွေကို ကြေညာသွားမှာဖြစ်ပါတယ်" လို့ အဆိုတော် လေဒီဂါဂါ **(ဝဲပုံ)**က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

လောလောဆယ် အဆိုတော် လေဒီဂါဂါဟာ ၂၀၁၁ ခုနှစ်ကထွက်ခဲ့တဲ့ Born This Way လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေလျက်ရှိပါတယ်။ လေဒီဂါဂါဟာ အာရှနိုင်ငံအတော်များများမှာ လှည့်လည်ဖျော်ဖြေခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဩစတြေးလျနဲ့ ဥရောပနိုင်ငံတွေမှာ လှည့်လည်ဖျော်ဖြေဦးမယ်လို့ သိရပါတယ်။

သူမရဲ့ Born This Way တေးအယ်လ်ဘမ်ဟာ ပေါ့ပ်ဂီတလောကမှာ လူကြိုက်များခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ အမေရိကန်အရောင်းရဆုံး တေးအယ်လ်ဘမ်များစာရင်းမှာ အချိန်ကြာမြင့်စွာ စံချိန်တင်ခဲ့တဲ့အယ်လ်ဘမ် ဖြစ်ပါတယ်။ **(အင်တာနက်)**

11-6 (07).pmd 1 6/11/2012, 3:23 AM

ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမှုံတို့ သီရိဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီး၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

** ကျောဖုံးမှ*

သင်ကြားပေးသည့် ယွန်းပညာရပ်များ၊ သမဝါယမတက္ကသိုလ် ပေါင်းကူးဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းကိုလည်း ကျေးလက်၏ အသေးစားလုပ်ငန်းတစ်ခုအဖြစ်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ရပ်တည်နိုင်ရန် သာမက မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာဘာသာရပ်အဖြစ်ပါ ဆက်လက်ထိန်းသိမ်းနိုင်စေရန် ယွန်းထည်ပညာရပ်ကို အဓိကဦးစားပေးထည့်သွင်းသင်ကြားပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ယွန်းနည်းစဉ်ခန်းမသို့ရောက်ရှိကြပြီး ယွန်းထည်လုပ်ငန်းအဆင့်ဆင့်ထုတ်လုပ်မှုနည်းစဉ်များနှင့် ကျောင်းသားကျောင်းသူများ၏ လက်ရာမွန် ယွန်းထည်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ယွန်းထည်လက်မှုပစ္စည်းအရောင်းခန်းမ၌ ခင်းကျင်းပြသထားသည့် အနုပညာမြောက်ယွန်းထည်ပစ္စည်းများနှင့် ယွန်းပြတိုက်အတွင်း ၁၂ရာစုမှ ၂၀ရာစုအထိ စုဆောင်းပြသထားရှိသော ပုဂံ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အလိုက် ရှေးဟောင်းယဉ်ကျေးမှုယွန်းထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

တိုးမြှင့်ဖွင့်လှစ်ခဲ့

အဆိုပါ ယွန်းပညာကောလိပ်ကို "မြန်မာ့ယွန်းထည်လုပ်ငန်းအတတ်ပညာများ မတိမ်ကော မပပျောက်စေရေးအတွက် ထိန်းသိမ်းရန်၊ မြန်မာ့ရိုးရာယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ပြီး ရရှိသည့်နည်းပညာများကို ဖြန့်ဖြူးပေးရန်၊ ယွန်းအတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပျိုးထောင်ပေးရန်၊ ယွန်းထည်လုပ်ငန်းအတတ်ပညာသင်ကြားရေးကို ပညာသင်ကြားမှု နည်းလမ်းများနှင့်အညီ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ယွန်းပညာတတ်ကျွမ်းနားလည်သော စီးပွားရေးပညာရှင်များ ပေါ်ထွန်းလာစေရန်"ဟူသည့် ရည်ရွယ်ချက်နှင့်အညီ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ ၁၉၂၄ ခုနှစ်တွင် အစိုးရယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့ယွန်းသိပ္ပံအဆင့်မှယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ အနောက်ဖွားစောကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများ၏ ကျေးလက်အသေးစားလုပ်ငန်းဖြစ်သည့် အနုပညာလက်ရာမွန် မြန်မာ့ယွန်းထည်ပစ္စည်းများ ထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် ယွန်းအချောထည်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ထုတ်လုပ်သွားရန်သာမက ကျေးရွာ၏ ယွန်းထည်ပစ္စည်းထုတ်လုပ်မှု နည်းစဉ်များကို ကမ္ဘာလှည့်ခရီးသွားများကပါ လာရောက်လေ့လာကြည့်ရှုခြင်း၊ မှတ်တမ်းတင်ခြင်းနည်းလမ်းတို့ဖြင့် နိုင်ငံခြား

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာတူးဖော်နေမှု၊ ထိန်းသိမ်းထားရှိမှု၊ မွမ်းမံပြီးနောက် ခင်းကျင်းပြသရန် ဆောင်ရွက်နေမှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် အေဒီ(၁၀၉၁) ခုနှစ်က ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်သည့် အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြကာ အာနန္ဒာဘုရား၏ ထင်ရှားကျော်ကြားသည့် အနုပညာလက်ရာမွန်များ ၊ အလင်းရောင်ယူပုံစနစ်၊ ဖွဲ့စည်းတည်ဆောက်ထားပုံ၊ ဗုဒ္ဓဝင်ဆိုင်ရာ ပန်းတမော့ကျောက်ဆစ်လက်ရာများ၊ နံရံဆေးရေးပန်းချီများနှင့် ယဉ်ကျေးမှုအမွေအနှစ်များအား ရှေးမူမပျက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် အေဒီ(၉)

မှာ ၃၄ ပေဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် သီရိဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုံနှင့် အဖွဲ့ဝင်များသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် တုရင်တောင်စွယ်တော်မြတ်စေတီအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုံတို့ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးအခြေအနေများကို မေးမြန်းပြီး မြန်မာ့ရိုးရာယွန်းထည်ပစ္စည်းများကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအဆင့်အထိ ကြိုးပမ်းဝင်ငွေရရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်ဖြစ်သော ပညာတတ်များ ပိုမိုမွေးထုတ်နိုင်သည်နှင့်အမျှ မြန်မာ့ယွန်းထည်လုပ်ငန်းဖြင့်

ရာစု ပျဉ်ပြားမင်းလက်ထက်က တည်ဆောက်ခဲ့သည့် သရပါတံခါး(သရပါမြို့ဝင်ပေါက်)သို့ ရောက်ရှိကြပြီး ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အမွေအနှစ်များအား ရှေးမူမပျက်ထိန်းသိမ်းကာကွယ်စောင့်ရှောက် ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါသရပါတံခါး(သရပါမြို့ဝင်ပေါက်)၏ အကျယ်မှာ ၁၄ ပေနှင့် ကွင်းကျန်ရစ်သော အုတ်ရိုး၏ နံသားအမြင့်

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များအား စေတီတော်ပရိဝုဏ်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ရွှေစည်းခုံ၊ တန့်ကြည်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစေတီနှင့် တုရင်တောင်စွယ်တော်မြတ်စေတီနယ်နိမိတ်ကို ပုဂံရှေးဟောင်းယဉ်ကျေးမှုမြို့အဖြစ် သတ်မှတ်၍ ဘုရားစေတီ ပုထိုးစေတီများအား ရှေးဟောင်းလက်ရာမွန် ပုံစံအတိုင်း ထိန်းသိမ်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တိုးတက်မြင့်မား

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို အနှစ်သာရ မပျောက်ပျက်စေဘဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သားစဉ်မြေးဆက်အတွက် အမွေကောင်းအမွေခံအဖြစ် ဆက်ခံနိုင်စေရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်လာသည်နှင့်အမျှ နိုင်ငံတော်နှင့်ဒေသခံများ၏ လူမှုစီးပွားဘဝလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် တုရင်တောင်စွယ်တော်မြတ်စေတီ၏ သာသနိက

ဒုတိယသမ္မ... ညောင်ဦးမြို့ အ... ပညာလက်ရာမွ... ကို ကြည့်ရှုအာ...

အဆောက်အအုံမျ... ရှောက်ထားရှိမှုကို ... ပြီး အလှူငွေများ ... သည်။

ဆက်ကပ်...

ထိုမှတစ်ဆင့် ... ဇနီးနှင့် အဖွဲ့ဝင်မျာ... မင်းကြီးနှင့် ကျ... တည်ထားကိုးကွယ်... စေတီတော်မြတ်ကြီ... ဖူးမြော်ကြည်ညိုကြ... မြတ်အား ပန်း၊ ... ဆက်ကပ်လှူဒါန်းကြ...

ထို့နောက် ဒု... ဧည့်သည်တော်မှတ်... ရေးထိုးပြီး အ...

သိန်းနီမြို့နယ် မြို့မဈေး ပုံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ကျောင်းသားမိဘတစ်ဦးအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။ (ပညာရေး)

စာပေ...

မြန်မာနိုင်ငံ ... စာပေဆုရ စာရေး... (စနေနေ့) နံနက် ... ကျင်းပမည်ဖြစ်ရာ ... ဆရာဝန်များနှင့် စ...

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၁၀

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါက်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြိတ်မြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် မိုးကုတ်မြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇွန် ၉ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လှိုင်မြို့နယ် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဝင်းမြင့် မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း (၄၅) စောင်ကို အမှတ်(၁၆) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းညွှန့်ထံ ပေးအပ်စဉ်။ (၁၂၂)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီး... ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရ... ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်... မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက... အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြ... နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း...

ကြီးကြ...



ဆရာ ဆရာမများသင်ကြားမှုအရည်အသွေးမြင့်မားအောင် လေ့လာဆည်းပူးအားထုတ် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း အသုံးပြုသင်ကြားခြင်းဖြင့် အရည်အသွေးမြင့်မားလာမည်

နေပြည်တော် ဇွန် ၁၀

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၈ ဦး တက်ရောက်ကြသည်။

မှာကြား

အမျိုးသားပညာရေး ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အား (၃)ရပ်ကိုတောင့်တင်းခိုင်မာအောင်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ အင်အား (၃) ရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားတိုင်း၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ ပညာရေးတွင်လည်း အခြေခံပညာရေးကဏ္ဍသည် ပို၍ပြီးအဓိကကျကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍမှ မိမိတို့ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက်ပါဝင်လုပ်ကိုင်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတကာအဆင့်မီ ဆရာ ဆရာမများ ဖြစ်အောင်၊ ဆရာ ဆရာမတို့၏ သင်ကြားမှုအရည်အသွေး မြင့်မားအောင် မိမိကိုယ်တိုင်ကလည်း အပတ်တကုတ် ဆည်းပူးလေ့လာ အားထုတ်ကြရမည်ဖြစ်ကြောင်း၊ ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းကို အသုံးပြုသင်ကြားခြင်းအားဖြင့် ကလေးများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာမည်ဖြစ်ခြင်းကြောင့် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းကိုအသုံးပြုပြီး သင်ကြားပေးကြပါဟု မှာကြားလိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာမှုကို ဆန်းစစ်ကြည့်ပါက ဖွံ့ဖြိုးတိုးတက်လာမှုအလုံးစုံ၏ ရင်းမြစ်သည် ပညာဖြစ်ကြောင်း၊ အသိပညာကို ဆောင်ကြဉ်းပေးနိုင်သော ဝိဇ္ဇာပညာရပ်ဖြစ်စေ၊ အတတ်ပညာရပ်ကို ဆောင်ကြဉ်းပေးနိုင်သော သိပ္ပံပညာရပ်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံမှာ အပြန်အလှန် အမှီသဟဲပြုနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဝိဇ္ဇာပညာရပ်ကိုဖြစ်စေ၊ သိပ္ပံပညာရပ်ကိုဖြစ်စေ ကျောင်းသင်ခန်းစာမှသည် ဘဝအတွက် ထဲထဲဝင်ဝင်အရေးပါသော သင်ခန်းစာများ ဖြစ်သွားသည်အထိ သင်ကြားပေးကြပါဟု မှာကြားလိုကြောင်း၊ ယနေ့လိုအပ်နေသည့် လူ့စွမ်းအားရင်းမြစ်တွင် ပညာနှင့်ယှဉ်တွဲပြီး ရှင်သန်နေရမှာက နှလုံးလှရန်ပင် ဖြစ်ကြောင်း၊ နှလုံးလှသည့် စိတ်ထားကောင်းမွန်သူများဖြစ်အောင် မိမိကိုယ်တိုင်ရော မိမိသင်ကြားပို့ချပေးနေရသူ တပည့်များကိုပါ ကျင့်ကြံလေ့ကျင့်ပေးနေရမည် ဖြစ်ကြောင်း၊ နှလုံးလှရန် ပုံလောင်းပေးကြရာတွင် စိတ်ဓာတ်ကို ခွန်အားဖြစ်စေသော၊ အတွေးအမြင်ကို ကျယ်ပြန့်စေသော၊ စာရိတ္တကို စင်ကြယ်စေသော၊ ကိုယ်ကျင့်တရားကို ဖြောင့်မတ်စေသော လောကနီတိနှင့် ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများကို (Second Nature) အလေ့အထဖြစ်သွားသည်အထိ လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းအလိုက် ပညာသင်နှစ်တစ်လျှောက်လုံး ကျောင်းပျက်ကွက်လျော့နည်းမှု မရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများ၊ ကျောင်းပျက်သည့် ကလေးများအတွက် ဖြည့်ဆည်းပံ့ပိုးခြင်း၊ မိဘများအား ဆွေးနွေးခြင်းဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေမြဲရေးနှင့် သင်ယူမှု ပြီးမြောက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်ကိုလည်း မှာကြားလိုကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခမဲ့ မသင်မနေရမူလတန်းပညာရေးကို အကောင်အထည်ပေါ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့သားကောင်းများဖြစ်ရန်နှင့် တက္ကသိုလ်ပညာများ ဆက်လက်သင်ယူနိုင်သည့် အရည်အသွေးရရှိရန်တို့အတွက် အခြေခံပညာသင်ရိုးဝင်နှင့် တွဲဖက်သင်ရိုးဝင် ဘာသာရပ်များကို အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ်သင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ဆရာ ဆရာမများအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုံတို့ ညောင်ဦးမြို့ အနောက်ဖွားစောကျေးရွာ၌ ဒေသခံပြည်သူများ၏ အနုပညာလက်ရာမွန် မြန်မာ့ယွန်းထည်ပစ္စည်းများထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အတိုင်း ထိန်းသိမ်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တိုးတက်မြင့်မား

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို အနှစ်သာရ မပျောက်ပျက်စေဘဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သားစဉ်မြေးဆက်အတွက် အမွေကောင်းအမွေခံအဖြစ် ဆက်ခံနိုင်စေရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်လာသည်နှင့်အမျှ နိုင်ငံတော်နှင့်ဒေသခံများ၏ လူမှုစီးပွားဘဝလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် တုရင်တောင်စွယ်တော်မြတ်စေတီ၏ သာသနိကအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယသမ္မတသည် စေတီတော်ပရိဝုဏ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားအားရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ကာ သာသနိကအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညောင်ဦးလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာလာကြရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သိန်းနီမြို့နယ် မြို့မဈေး ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ကျောင်းသားမိဘတစ်ဦးအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။ (ပညာရေး)

စာပေဆုရ စာရေးဆရာဆရာဝန်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စာရေးဆရာ ဆရာဝန်များအဖွဲ့က ကြီးမှူး၍ စာပေဆုရ စာရေးဆရာဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စာပေဆုရ စာရေးဆရာ ဆရာဝန်များ၊ အဖွဲ့ဝင် စာရေးဆရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဇွန် ၈ ရက်က ကျင်းပသော Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ပထမရရှိသော မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားသမား သိန်းနိုင်စိုးအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Open Challenge Cup ဆုကို ပေးအပ်ချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ကွင်းဆင်းစစ်ဆေး

ဇွန် ၃ ရက်က နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများက မြို့နယ်အတွင်းရှိ သစ်တောစိုက်ခင်းများတွင် စိုက်ပျိုးထားသော သစ်ပင်ပေါင်း ၃၀၀၀၀ ခန့် ရှင်သန်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (သစ်တော)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဘက်ထရီဖြင့်ရှော့ရိုက်ငါးဖမ်းမှုများတွေ့ရ

ရန်ကုန် ဇွန် ၁၀

ယခုမိုးဦးကာလတွင် ချောင်းများ၊ မြောင်းများ၊ ရေနုတ်မြောင်းများ၌ ဘက်ထရီဖြင့် ရှော့ရိုက်၍ငါးဖမ်းသူများ၊ ဖားရှာသူများ၊ ငါးနှင့် ငါးရှဉ့်ရှာဖွေဖမ်းဆီးမှုများကို ရန်ကုန်တိုင်းဒေသကြီး ဆင်ခြေဖုံးရှိ မြို့သစ်များ၌ အများဆုံးတွေ့မြင်နေရသည်။

ဤရက်ပိုင်းတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းသဖြင့် မြို့သစ်အနီးအပြားရှိ မြစ်ချောင်းအင်းအိုင်များ၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများ ဥချရန် နေရာရှာဖွေငါးရစ်တက်နေချိန်ဖြစ်သည်။

တွေ့မြင်နေရ

အဆိုပါ ငါးမကြီးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဘေးမဲ့ပေးရမည့်အချိန်ဖြစ်သည်။ ငါးမျိုးမပြုန်းတီးစေရေး၊ သားငါးထုတ်လုပ်မှု တိုးတက်လာစေရေး၊ ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးတို့အတွက် သက်ဆိုင်ရာမှလည်း အသိပေးနှိုးဆော်ထားပြီးဖြစ်သည်။ သို့သော် မြို့သစ်နှင့် ဆင်ခြေဖုံးရပ်ကွက်များတွင် ဘက်ထရီရှော့ရိုက်၍ ငါးရှာဖွေဖမ်းဆီးနေကြသည်ကို အထူးသဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း)၊ လှိုင်သာယာမြို့နယ်တို့ရှိ ဆင်ခြေဖုံးမြို့သစ် မြစ်ချောင်းအင်းအိုင်များတွင် အဆိုပါရှော့ရိုက်ငါးဖမ်းဆီးနေမှုတို့ကို အလုပ်သွားအလုပ်ပြန် နေ့စဉ်တွေ့မြင်နေရဆဲဖြစ်သည်။

ရှောင်ရှားသင့်

မိုးဦးကာလဖြစ်၍ လေပြင်းအရှိန်ဖြင့် သစ်ပင်ကြီးငယ်များ လဲပြိုကျမှုကြောင့် လျှပ်စစ်ဝိုင်ယာကြိုးများ ပြုတ်ကျခြင်း၊ အဆိုပါ ဘက်ထရီရှော့ရိုက်ငါးဖမ်းမှုကြောင့် မလိုလားအပ်သော လျှပ်စစ်အန္တရာယ်များဖြစ်ပွားတတ်ခြင်း၊ ငါးမျိုးပြုန်းတီးခြင်းများ ဖြစ်တတ်ပေရာ မိမိအကျိုးအတွက်သာမက အများအကျိုးအတွက်ရေးရှုရာရောက်စေသည့် ငါးမျိုးများတိုးပွားလာစေရေးရည်ရွယ်ကာ ဘက်ထရီရှော့ရိုက်၍ ငါးရှာဖွေဖမ်းဆီးမှုကို ရှောင်ရှားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ **(ဝင်းဝင်းမော်)**

ကျောက်တန်းမြို့နယ်၌ စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ မတည်ငွေနှင့် ကျေးရွာအလှူရှင်များ၏အလှူငွေဖြင့် စုပေါင်းဆောက်လုပ်သော ကျောက်တန်းမြို့နယ် ရွာသစ်ကြီးကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲကို မေ ၂၉ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်ထွန်းရေးကို ပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ် စာစောင် ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတ ရသ စာအုပ်စာစောင် ၂၀၀၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်နီမှိုင်း(ကျောက်တန်း)က ကဗျာစာအုပ်စာစောင် ၁၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်စာစောင် ၁၂၀ စီ၊ ကျေးရွာအလှူရှင်များက ပရိဘောဂများကို စာကြည့်တိုက်မှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အာရှလူငယ်နှင့်အငယ်တန်းအလေးမ တံခွန်စိုက်ပြိုင်ပွဲကျင်းပရေးဆွေးနွေး

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ဇွန် ၅ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှလူငယ်နှင့်အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲ (Asian Youth & Junior Weightlifting Championships 2012) ကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ အဆိုပါ ပြိုင်ပွဲကို Sponsor များရရှိရေးကိစ္စများကို လည်းကောင်း၊ ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိစေရေးအတွက် ဘူဂေးရီးယားနည်းပြ Mr. Trandafil Stoyches နှင့် လေ့ကျင့်နေမှု အခြေအနေများနှင့် အားကစားသမားများအား ပံ့ပိုးပေးနိုင်ရေးကိစ္စများကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ပဲခူး ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီးနောက် ဝန်ထမ်းများ၏ သားသမီးများမှ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူ ၂၆ ဦးအား စုစုပေါင်းငွေကျပ် ၁၈၀၀၀၀ နှင့် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ စာရေးကိရိယာများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ကျောင်းသားကျောင်းသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၀၀၁)

သဃ်န်းကျွန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက် ၇ နာရီက ကြီးပွားရေးရပ်ကွက် အောင်သီတာလမ်းတစ်လျှောက်၌ ကျင်းပသည်။

စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်၊ ဒေါ်စန်းစန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိဦးအောင်နိုင်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူများသည် ကြီးပွားရေးရပ်ကွက် အောင်သီတာလမ်းတစ်လျှောက်၌ မဲဇလီ၊ ငုရွှေဝါ၊ ခရေ၊ တရုတ်စကားပင်၊ မဟော်ဂနီ၊ ယူကလစ်နှင့်အရိပ်ရပျိုးပင်ပေါင်း ၃၀၀ ကျော်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ (အပေါ်ပုံ) (၀၂၅)

ရွှေကျင်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ရွှေကျင် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်တွင် ဇွန် ၂ ရက်က ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်အိမ်ရာထူထောင်ရေး လုပ်ငန်းဖြစ်သော တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာတစ်ဧက သစ်မာစိုက်ခင်း စိုက်ပျိုးတည်ထောင်နိုင်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းစံသိန်းက သစ်ပင်စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးမှူးတို့က သစ်မာပျိုးပင်များကို ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ဖြန့်ဝေပေးအပ်သည်။ ရွှေကျင်မြို့နယ်၌ ၂၀၁၂ ခုနှစ် မိုးရာသီတွင် ကျွန်း၊ ပျဉ်းကတိုးနှင့် ယူကလစ်ပျိုးပင်ပေါင်း ၅၀၀၀၀ ကိုအခမဲ့ ဖြန့်ဝေစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ (စိုက်ပျိုးရေး)

ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

ဖျာပုံ ဇွန် ၁၀

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ပံ့ကျစျေးသည်သားသမီးများ ကျောင်းဖွင့်ချိန်အမီ ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို မေ ၃ရက်က မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိရုံးခန်း၌ကျင်းပရာ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးကြည်စိုးက ကျောင်းဝတ်စုံများ ထောက်ပံ့ပေးသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသား ကျောင်းသူ ၄၉ ဦးအတွက် ကျောင်းဝတ်စုံတစ်စုံစီကို ကျောင်းသားမိဘအုပ်ထိန်းသူများသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၆၆)

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁၀

သန်လျင်ဂေါက်ကလပ်၌ ဗိုလ်ကြီးကျော်စည်သူသည် မေ ၂၉ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၁၀၁ ကိုက်အကွာမှ Titleist Pro V1 (No.1) ဘောလုံးကို Taylor Made R9 Sandwedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော အရာခံဗိုလ်စိုးမြင့်၊ တပ်ကြပ်ကြီး လှိုင်ဘွား၊ တပ်ကြပ်ကြီး အောင်ကျော်မြင့်တို့နှင့်အတူ ကစားခဲ့ကြောင်း သိရှိရသည်။ (၀၄၉)

ကြည့်ရှုအားပေး

ကမာရွတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ကမာရွတ်မြို့နယ် (၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၈ ရက်က နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြငွေနှင့် အနောက်ပိုင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးတို့ ကြည့်ရှုအားပေးစဉ်။ (၁၆၇)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

မော်လမြိုင်ကျွန်း ဇွန် ၁၀

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ပေါင်တစ်ချောင်း(၂)ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဆေးပေးခန်းဆိုင်ရာ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျင်းပသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် ကြက်လျှာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်က ဆေးပေးခန်းဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကြက်လျှာကျန်းမာရေးမှူး ဦးဌေးဝင်းနှင့် ရပ်မိ ရပ်ဖ ဦးမြအုန်းတို့က ဒေသကျန်းမာရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံမှာ အလျား ပေ ၃၀၊ အနံ ပေ ၂၀ရှိပြီး ငွေကျပ် သိန်း ၃၀ အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၆၅)

မြဝတီရုပ်မြင်သံကြား

၁၁-၆-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၄၅	လျှပ်တစ်ပြက်
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်ဒုတိယတွဲ** (အပိုင်း-၇)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၄၅) (ဇာတ်သိမ်းပိုင်း)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	နိုင်ငံတကာသတင်း
	မိုးလေဝသသတင်း
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၂၂)

မှုခင်းသတင်း

တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တာချီလိတ် ဇွန် ၁၀

ဇွန် ၆ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က တာချီလိတ်မြို့အဝင် မယ်ယန်းစစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသော မူးယစ်(အထူး)တပ်ဖွဲ့မှ ရဲအုပ် မြင့်နိုင်ဦး၊ နကသရဲတပ်ဖွဲ့မှ ဒုရဲမှူးသိန်းထွန်းဝေတို့ ဦးစီးသော ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့ဘက်မှ တာချီလိတ်မြို့ဘက်သို့မောင်းနှင်လာသော လိုင်စင်မဲ့ဆူဇူကီးအမျိုးအစားမော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်မောင်းနှင်လာသူ အိုက်ကျင်၏ အတွင်းခံဘောင်းဘီအတွင်း၌ အဖြူရောင်စက္ကူဖြင့်ထုပ်ထားပြီး အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၈၅ ပြား၊ အလေးချိန် ၁၈ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၅၁၈၀၀၀ ကိုတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ အိုက်ကျင် အသက် ၄၀ (ဘ)ဦးနန္ဒာ ဝမ်ဆောက်ခုံ(အပေါ်ရွာ) မိုင်းဖုန်း(ခ)အုပ်စု တာချီလိတ်မြို့နယ်နေထိုင်သူအား တာချီလိတ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၀၆၀)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မောင်မောင်မြင့်ဆွေ – စုစည်းသည်

(၁၅)ကြိမ်မြောက် အာရှသက်ငယ်တန်းပြေးခုန်ပစ်ပြိုင်ပွဲ တရုတ်ကစားသမားများ ရွှေတံဆိပ်ဆွတ်ခူး

ကိုလံဘို ဇွန် ၁၀

(၁၅)ကြိမ်မြောက် အာရှသက်ငယ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဇွန် ၉ ရက်က စတင်ကျင်းပလျက်ရှိရာ တရုတ်အားကစားသမားများ ရွှေတံဆိပ်ဆွတ်ခူးလျက်ရှိကြောင်း ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ၌ တရုတ်နိုင်ငံမှ ဖူဟိုင်တောင်က ၁၆ ဒသမ ၃၈ မီတာခုန်ပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ ထိုင်းမှ တီပါရက်ပရက်ချာနာက ၁၆ ဒသမ ၂၅ မီတာခုန်ပြီး ငွေတံဆိပ်ဆွတ်ခူးကာ အီရတ်မှ ခိုစ်ရာဗီမိုစတာဖာက ၁၅ ဒသမ ၃၁ မီတာခုန်ပြီး ကြေးတံဆိပ်ရရှိခဲ့သည်။

တစ်ဖန်အမျိုးသား ၁၉ ဒသမ ၉၅ မီတာသေနတ်ပစ်ပြိုင်ပွဲတွင် တရုတ်မှလီမင်က ရွှေတံဆိပ်ဆွတ်ခူးရရှိပြီး ဆော်ဒီအာရေဗျမှ အဘဒူလ်ကာဒရီမိုဟာမက်အိုမာက ငွေတံဆိပ်ရရှိခဲ့သည်။ စင်ကာပူမှ ဝမ်တေယန်က ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

ထို့အပြင် အမျိုးသားတုတ်ထောက်အမြင့်ခုန်ပြိုင်ပွဲ၌ တရုတ်မှကျန်ဝေက ရွှေတံဆိပ်ရရှိပြီး ဂျပန်မှ ဖူဂျီဒိုင်က ငွေတံဆိပ်ရရှိကာ မလေးရှားမှ အမ်မိုဟိုဖာမီဇမ်ဇမ်က ကြေးတံဆိပ်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ အီရန်မှ တာ့ဖ်တီအန်ဟာဆင်က ၁၀ ဒသမ ၄၉ စက္ကန့်ဖြင့် ရွှေတံဆိပ်ရရှိခဲ့သည်။ တရုတ်မှ စီကျန်ယီက ၁၀ ဒသမ ၅၄ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဆော်ဒီအာရေဗျမှ အယ်ရှာပါနီယူဆက်ဖ်က ၁၀ ဒသမ ၆၄ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် တရုတ်မှ ဟောကျန် **(ယာစွန်)**က ၁၁ ဒသမ ၉၇ စက္ကန့်ဖြင့် ရွှေတံဆိပ်ရရှိပြီး တရုတ်မှ လင်ဟိုင်ကျန်က ငွေတံဆိပ်နှင့် ထိုင်းမှ ခန်ယူတာရီက ကြေးတံဆိပ်ရရှိခဲ့ကြသည်။ **(အင်တာနက်)**

၂၀၁၄ ကမ္ဘာ့ဖလားပွဲ အကြိုခြေစမ်းပွဲယှဉ်ပြိုင် အာဂျင်တီးနားက ဘရာဇီးကို လေးဂိုး–သုံးဂိုးဖြင့် နိုင်ပွဲရရှိ

ဝါရှင်တန် ဇွန် ၁၀

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ဇွန် ၁၀ ရက် နံနက်က ယှဉ်ပြိုင်ကစားသည့် အာဂျင်တီးနားနှင့် ဘရာဇီးအသင်းတို့ပွဲတွင် အာဂျင်တီးနားက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ဝဲပုံ)**

ဘရာဇီးအသင်းသည် ပွဲအစ၌ အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့ရာ ပွဲချိန် ၂၃ မိနစ်၌ ဘရာဇီးမှ ရိုမူလိုကအဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် တစ်ဂိုးပေးလိုက်ရသော အာဂျင်တီးနားတို့ ချေပဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၃၁ မိနစ်၌ မက်ဆီက အာဂျင်တီးနားအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အာဂျင်တီးနားတို့ ဂိုးရရှိရေး ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၃၄ မိနစ်၌ မက်ဆီကပင် ဒုတိယဂိုးသွင်းယူပေးခဲ့ပြန်သည်။ အာဂျင်တီးနားတို့ ပထမပိုင်းပွဲချိန်အပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်၌ ချေပဂိုးသွင်းယူနိုင်ရေး ဘရာဇီးတို့တိုက်စစ်ဆင် ထိုးဖောက်ကစားနေရာမှ ပွဲချိန် ၅၆ မိနစ်၌ အော်စကာက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တစ်ဖန်ဆက်လက်ပြီး ပွဲချိန် ၇၂ မိနစ်၌ ဟုခ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘရာဇီးတို့ သုံးဂိုးရရှိခဲ့သည်။

သို့သော် ပွဲချိန် ၇၆ မိနစ်၌ ဘရာဇီးမှဖာနန်ဒက်ဇ်က ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သဖြင့် သုံးဂိုးစီသရေပွဲဖြစ်နေရာမှ ပွဲချိန် ၈၅ မိနစ်၌ မက်ဆီက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့ လေးဂိုးရရှိခဲ့သည်။ မက်ဆီက ယခုပွဲ၌ တစ်ဦးတည်းသုံး ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဟက်ထရစ်ရရှိခဲ့သည်၊ **(အင်တာနက်)**

ဝဲလ်တာဝိတ်တန်း ချန်ပီယံလက်ဝှေ့ပွဲ ဘရက်လေက ပက်ကွီုင်အောကို အနိုင်ယူ

လက်စ်ဗီးဂက်စ် ဇွန် ၁၀

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဝဲလ်တာဝိတ်တန်းချန်ပီယံခါးပတ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီုင်အောနှင့် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ဘရက်လေတို့ အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့၌ ဇွန် ၁၀ ရက်က ထိုးသတ်ရာ ဘရက်လေက အမှတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ***(အပေါ်ပုံ)***

ပက်ကွီုင်အောနှင့် ဘရက်လေတို့သည် ပွဲချိုးပြည့်ထိုးသတ်ခဲ့ရာ ပက်ကွီုင်အောညာထောက်လက်သီးများ ဘရက်လေကိုထိမှန်ခဲ့သလို ဘရက်လေ၏ဘယ်ညာလက်သီးတွဲများကလည်း ပက်ကွီုင်အောအား ထိမှန်ခဲ့သည်။ သို့သော် ဘရက်လေ၏ ညာဝိုက်လက်သီးများက ပက်ကွီုင်အောအား ပိုမိုထိမှန်ခဲ့သည်။

နှစ်ဦးစလုံး အပြန်အလှန်ထိုးသတ်နိုင်ခဲ့သော်လည်း ပွဲအပြီး၌ ဒိုင်လူကြီးများက ၁၁၅ မှတ်-၁၁၃ မှတ်ဖြင့် ဘရက်လေအား အနိုင်ပေးခဲ့သည်။ ယခုပွဲရှုံးသဖြင့် ပက်ကွီုင်အော ခုနစ်နှစ်ကြာကာကွယ်သိမ်းပိုက်ထားနိုင်ခဲ့သည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဝဲလ်တာဝိတ်တန်းချန်ပီယံခါးပတ်ကို ဘရက်လေအား လွှဲပြောင်းပေးခဲ့ရပြီဖြစ်သည်။ ယခုပွဲ၌ ဘရက်လေအားအမှတ်ဖြင့် အနိုင်ပေးခဲ့ရာ အငြင်းပွားမှုဖြစ်ခဲ့သော်လည်း ၎င်းတို့နှစ်ဦး၏လက်ဝှေ့ပွဲကို လာမည့်နိုဝင်ဘာ ၁၀ရက်၌ ပက်ကွီုင်အောက စိန်ခေါ်ပွဲအဖြစ် ထိုးသတ်မည်ဖြစ်သည်။

ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီုင်အောသည် ယခုပွဲအပါအဝင် လက်ဝှေ့ပွဲပေါင်း ပွဲ ၆၀ ထိုးသတ်ခဲ့ရာတွင် ၅၄ ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်များအဖြစ် မှတ်တမ်းတင်ထားသူဖြစ်သည်။ ယခုပွဲ၌ အနိုင်ရရှိသည့် အမေရိကန်လက်ဝှေ့သမား ဘရက်လေသည် ယခုပွဲအပါအဝင် လက်ဝှေ့ပွဲပေါင်း ၂၉ ပွဲ ထိုးသတ်ခဲ့ရာ ပွဲတိုင်းအနိုင်ရရှိသည့်စံချိန်ကို ဆက်လက်တင်ထားနိုင်ဆဲဖြစ်သည်။ ***(အင်တာနက်)***

မြင့်မောင်စိုး – စုစည်းသည်

ကမ္ဘာ့အပြေးချန်ပီယံဟောင်း တိုင်စန်ဂေး မီတာ ၁၀၀ ပြေးပွဲ အနိုင်ရဗိုလ်စွဲ

နယူးယောက် ဇွန် ၁၀

ကမ္ဘာ့ချန်ပီယံဟောင်း တိုင်စန်ဂေးသည် ဇွန် ၉ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကျင်းပသော မီတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၁၀ ဒသမ ၀ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ***(အောက်ပုံ)***

တိုင်စန်ဂေးသည် ၂၀၁၁ ခုနှစ် ဇွန်လကလည်း မီတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၉ ဒသမ ၆၉ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ထားခဲ့သူဖြစ်သည်။ ယခုပြိုင်ပွဲသည် ဒုတိယအကြိမ်မြောက် မီတာ ၁၀၀ ပြေးပွဲတွင် အမြန်ဆုံးလူသားအဖြစ် စံချိန်ထပ်မံမတင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ တိုင်စန်ဂေးသည် မီတာ ၁၀၀ပြေးပွဲတွင် ယခုနှစ်အတွက် ပထမဆုံးအနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၎င်းသည် တစ်စက္ကန့်လျှင် ၁ ဒသမ ၅ မီတာနှုန်းဖြင့် ပြေးခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှပြေးခုန်ပစ်အားကစားသမားများသည် ယင်းပြိုင်ပွဲတွင် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့သည်။ ယင်းကစားသမားအနက် အင်ဒရူးအိုဆာဂျီသည် မီတာ ၈၀၀ ပြေးပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။ အသက် ၂၄ နှစ်ရှိ အိုဆာဂျီသည် မီတာ ၁၀၀ ပြေးပွဲတွင် တတိယဆုနှင့်ကျေနပ်ခဲ့ရသည်။ ***(အင်တာနက်)***

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ ဂျာမနီတို့ ဂိုမက်ဇ်ဂိုးဖြင့်နိုင်

ဝါဆော ဇွန် ၁၀

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ပိုလန်နိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့၌ ဆက်လက်ကျင်းပရာ ဂျာမနီနှင့်ပေါ်တူဂီတို့ပွဲတွင် ဂျာမနီအသင်းက မာရီယိုဂိုမက်ဇ်၏ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။

ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ပေါ်တူဂီအသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ **(ဝဲပုံ)** ပွဲချိန် ၇၂ မိနစ်တွင် ဆာမိခီဒီယာ၏ ဖြတ်တင်ဘောမှတစ်ဆင့် တိုက်စစ်မှူးဂိုမက်ဇ်က ခေါင်းတိုက်ဂိုးသွင်းခဲ့သည်။ သို့သော် ဂျာမနီတို့ ယခုပွဲ၌ ဂိုးပေါက်ဖန်တီးနိုင်မှု အားနည်းခဲ့သည်။ ရှားရှားပါးပါး ပီပီကန်သွင်းသော ဘောလုံးဂိုးဘားတန်းထိမှန် ပြန်ထွက်ခဲ့သလို နာနီကန်သွင်းသောဘောလုံးကိုလည်း ဂျာမနီဂိုးသမားနူအာက ပုတ်ထုတ်ကာကွယ်ခဲ့သည်။

ဂျာမနီအသင်းသည် ဒိန်းမတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသော နယ်သာလန်အသင်းနှင့် ဇွန် ၁၃ ရက်တွင် ကစားရမည်ဖြစ်သည်။ ထိုနေ့တစ်နေ့တည်းမှာပင် ပေါ်တူဂီက ဒိန်းမတ်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂျာမနီနှင့် ယူရို ၂၀၀၄ဒုတိယဆုရ ပေါ်တူဂီတို့ ဘောလုံးစွမ်းရည်ကောင်းကြသော်လည်း ရှန်းကန်ကြိုးစားနေကြရသည်။ ဂျာမနီအသင်းတွင် ပြီးခဲ့သောလက ချယ်လ်ဆီးကို ချန်ပီယံလိဂ်တွင် ရှုံးနိမ့်သွားသော ဘိုင်ယန်မြူးနစ်အသင်းမှ ကစားသမား ခုနစ်ဦး ပါဝင်ကစားခဲ့သည်။ **(အင်တာနက်)**

နော်ဒီးယာမာစတာဂေါက်သီးရိုက်ပြိုင်ပွဲ အင်္ဂလန်ဂေါက်သီးရိုက်သမားလီဝက်စ်ဝုဒ် ဖလားဆွတ်ခူး

စတော့ဟုမ်း ဇွန် ၁၀

အင်္ဂလန်ဂေါက်သီးကစားသမား လီဝက်စ်ဝုဒ်သည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ဇွန် ၉ ရက်က ကျင်းပသော နော်ဒီးယာမာစတာဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျှော့ရိုက်ပြီး ဖလားဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)**

ကမ္ဘာ့နံပါတ်-၃ အဆင့်ရှိ လီဝက်စ်ဝုဒ်သည် တစ်နိုင်ငံတည်းသား အင်္ဂလိပ် ဂေါက်သီးကစားသမား ရော့စ်ဖစ်ရှာထက် ငါးချက်အသာရပြီး ဖလားဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ ယင်းဖလားသည် လီဝက်စ်ဝုဒ်အတွက် ၂၀၁၁ ခုနှစ် မေလက ဘော်လင်တန်ဖလားဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဥရောပဖလားဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

စပိန်ဂေါက်သီးကစားသမားဆာဂျီယိုဂါစီယာနှင့် ဆွီဒင်ဂေါက်သီးကစားသမား ပီတာဟန်ဆင်တို့ထက် သုံးချက်စီလျှော့ရိုက်ပြီး တတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

လီဝက်စ်ဝုဒ်သည် အဆိုပါဆုဖလားကို ၁၉၉၆ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင်လည်း ဖလားဆွတ်ခူးနိုင်ခဲ့ကြသည်။ ဖစ်ရှာနှင့် ဂါစီယာတို့သည် လီဝက်စ်ဝုဒ်၏အနီးကပ်ပြိုင်ပွဲဝင်များဖြစ်သည်။ သို့သော်လည်း လီဝက်စ်ဝုဒ်သည် နောက်ဆုံးနေ့တွင် အကောင်းဆုံးရိုက်ချက်များဖြင့် အနိုင်ကစားပြီး ဖလားဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရှုပါသန်းကြွယ်သူဌေးရွေးချယ်ပွဲ နှင့် (၂)ထပ်ကွမ်းအကျိုးခံစားခွင့်ကံထူးရှင်များစာရင်း

★ ရှုပါကော်ဖီမစ်(၄၈)ထုပ်ဝင်၊ (၃၀)ထုပ်ဝင်၊ (၂၅)ထုပ်ဝင် တို့၏အတွင်းပါရှိသော အပိုင်း(က)ကူပွန်မှ ကံထူးရှင်များဖြစ်ပါသည်။ ★

၃၁-၃-၂၀၁၂ ရက်တွင်သက်တမ်းပြည့်ပြီးသော အပိုင်း(က)ကူပွန်မှ ကံထူးသူ (၃၁၄၁)ဦး၏ ကူပွန်နံပါတ်များကို ၁၂-၆-၂၀၁၂ ရက်ထုတ် Flower News ဂျာနယ် အတွဲ(၈)နှင့် အမှတ်(၂၂)နှင့် ၁၈-၆-၂၀၁၂ ရက်ထုတ် The Voice Weekly ဂျာနယ် အတွဲ(၈)အမှတ်(၂၆)တို့တွင်ထပ်မံဖော်ပြပေးသွားပါမည်။

ကံထူးရှင်များသည် ဆုငွေများကို ၃၁-၈-၂၀၁၂ ရက် နောက်ဆုံးထား၍ ရုံးခွဲများတွင်ထုတ်ယူနိုင်ပါသည်။

ရှုပါလီမွန်တီး နှင့် ရှုပါကော့ဖီ၏ ၃၀-၅-၂၀၁၂ ရက်တွင် သက်တမ်းပြည့်ပြီးသော အပိုင်း(က)ကူပွန်ကံထူးရှင်များစာရင်းကို ဇွန်လ(သို့)ဇူလိုင်လတွင် ထုတ်ဝေသော သတင်းစာဂျာနယ်များတွင်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။ ကံထူးရှင်များစာရင်းကို www.super.com.mm တွင်လည်း ဖတ်ရှု / download လုပ်နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက Ph: (01)2399000 , 09 5178737 တို့တွင်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ORION Business School

ဦးသန့်ခေတ် BS,ICQ,DA,DMP,MBA,ACCA III

LCCI I-II&III,MYOB

16 June 2012 စမည် / သင်တန်းချိန်များ

I&II (B) Sat,Sun 3:00-5:00 pm
I&II (C) Mon, Tue 5:30-7:30 pm

ဖုန်း 095115997,0973154401

ပိုင်ရှင်မှတိုက်ရိုက်ရောင်းမည်

(မြေညီထပ်)လူနေရန်နှင့် စီးပွားရေးလုပ်ငန်းလုပ်ရန်ကောင်းသည့် တည်နေရာ

